# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၁) ရက်၊ ကြာသပတေးနေ့ ၊ (13-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၇၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ကိုယ်စားလှယ်အဖွဲ့တို့ နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိလာသည့်သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

## လိုင်စင်ရကုမ္ပဏီ ၁၀ ခုကို နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) ရုပ်သိမ်း

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**နေပြည်တော်**
**သတင်းထုတ်ပြန်ချက်**
၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရကုမ္ပဏီ ၁၀ ခုသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာမှုမရှိသဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်(Money Changer License)အား အမှုဆောင်ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ ရုပ်သိမ်းကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်-

(၁) Kannan Trading Co., Ltd
(၂) Net Change Co., Ltd
(၃) Thiri Aung Si Trading Co., Ltd
(၄) Riverwood Group Co., Ltd
(၅) Global Myanmar Services Co., Ltd
(၆) D-Gold Trading Co., Ltd
(၇) Aurum Image Co., Ltd
(၈) Hi Welcome Travel & Tours Co., Ltd
(၉) Sweeties Pearls Co., Ltd
(၁၀) Chase Travels & Tours Co., Ltd




ရတနာပုံ

၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်

အယ်ဒီတာ့အာဘော်

# အနာဂတ်ပညာရေး မြင့်မားရေးပန်းတိုင်ဆီ

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရန်၊ အခြေခံပညာအလယ်တန်းအဆင့် **KG+9** ပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ပညာမတတ်သည့် နိုင်ငံသားများပြီး ပညာရေးနိမ့်ကျသည့်နိုင်ငံသည် အမှန်တကယ် မတိုးတက်နိုင်ဟု လက်ခံထားကြသည်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်မှာ အဓိကဖြစ်သည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ကြရသည်။ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးကြရန် လိုအပ်သည်။ ထို့ပြင် **Education for All** ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေအကောင်အထည်ဖော်သွားကြရမည်ဖြစ်ပေသည်။

ယနေ့ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအနေဖြင့် မိမိတို့၏ပညာကိုအခြေခံ၍ ဆင်ခြင်တုံတရား၊ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းရှိသည့် ဉာဏ်ပညာပြည့်ဝနေရန် လိုအပ်လှပေသည်။ လက်ရှိကာလတွင် လူငယ်မောင်မယ်တို့အတွက် အကြီးမားဆုံးအန္တရာယ်မှာ လွဲမှားသောအတွေးအမြင်များ သွတ်သွင်းခံရခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများသည် နိုင်ငံတော်အတွက် အားထားရမည့်တက်လူများဖြစ်သည်။ စာသင်ကျောင်းများသည် ကျောင်းသား၊ ကျောင်းသူများ၏ ဘဝခရီးလမ်းတိုးတက်ဖြောင့်တန်းရေးအတွက် သွန်သင်ဆုံးမနည်းလမ်းပြရာ နေရာကောင်းများဖြစ်သည်။

ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့် ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်၏ လူမှုရေးဦးတည်ချက်တွင်ပါဝင်သည့် “ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး”ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးအတွက် ရည်ရွယ်ချက်လည်းဖြစ်ပေသည်။

နိုင်ငံတော်တွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိရာ ပညာရည်မြင့်မားပြီး အတွေးအခေါ် မှန်ကန်သည့် လူသားအရင်းအမြစ်များ တိုးတက်များပြားရန် လိုပေသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူတိုင်း ပညာရည်ပြည့်ဝကာ နိုင်ငံတော်က အားကိုးအားထားပြုရသော သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး ပညာရည်မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးရှိ စက်မှုလုပ်ငန်းရှင်များကို Online စနစ်ဖြင့် နည်းပညာရပ်သင်တန်းများ ပို့ချပေးမည်



**မန္တလေး ဇူလိုင် ၁၂**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးရှိ စက်မှုလုပ်ငန်းရှင်များကို Online စနစ်ဖြင့် နည်းပညာရပ်သင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွဋ်ဆွေက ပြောပြ၍ သိရသည်။

အဆိုပါဌာနက စက်မှုလုပ်ငန်းရှင်များအတွက် နည်းပညာရပ်များကို Online စနစ်ဖြင့် သင်တန်းပို့ချပေးနေကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များက လျှောက်ထားလာပါက ရုံးချုပ်သို့တင်ပြပြီး ခွင့်ပြုလျှင် ကျွမ်းကျင်ပညာရှင်များဖိတ်ခေါ်၍ နည်းပညာပိုင်းများကို သင်တန်းပို့ချပေးလျက်ရှိကြောင်း၊ ထိုသို့သင်တန်းပေးရာတွင် ယခင်ဘဏ္ဍာနှစ်က သင်တန်း ၃၅ ကြိမ်ပို့ချပေးခဲ့ပြီး စက်မှုလုပ်ငန်းရှင် သင်တန်းသား ၄၁၅ ဦး တက်ရောက်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း Online စနစ်ဖြင့် နည်းပညာရပ်သင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

“ဌာနကနေ လုပ်ငန်းရှင်တွေအတွက် နည်းပညာကို Online နဲ့ သင်တန်းပို့ချပေးနေတာရှိတယ်။ လုပ်ငန်းရှင်တွေ တောင်းတဲ့အပေါ် မူတည်ပြီး ပို့ချပေးပါတယ်။ စက်မှုလုပ်ငန်းရှင်တွေ မိမိတို့လုပ်ငန်းအလိုက် နည်းပညာရပ်တွေ ဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်ပေးနေတာပါ။ လုပ်ငန်းအလိုက် လိုအပ်ချက်ရှိတဲ့နည်းပညာကို ဌာနကိုလျှောက်ထားလို့ရတယ်။ ဌာနကလဲ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းရှင်တွေကို Online ကနေ ခေါ်းစဉ်ခွဲအလိုက် ဆောင်ရွက်ပေးတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာ ၃၅ ကြိမ်ပေးခဲ့ပါတယ်။ စိတ်ဝင်စားစွာနဲ့ တက်ရောက်ကြတဲ့ လုပ်ငန်းရှင်တွေရှိကြပါတယ်။ အခုဘဏ္ဍာနှစ်အတွင်းမှာလဲ လုပ်ငန်းရှင်တွေလျှောက်ထားလာတဲ့အပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမှာပါ”ဟု ဦးမျိုးထွဋ်ဆွေက ပြောပြသည်။

အဆိုပါ Online စနစ်ဖြင့် သင်တန်းပို့ချပေးနေရာတွင် နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ ဒေသတွင်း ထုတ်ကုန်လုပ်ငန်းများ ပေါ်ထွက်လာစေရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်စေရေး၊ လုပ်ငန်းရှင်များက မိမိလုပ်ငန်းအခြေအနေကို စောင့်ကြည့်လေ့လာနိုင်စေရေး စသည့် ခေါင်းစဉ်များဖြင့် ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ် ကောင်းမွန်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မြင်းမူဘက်မှ ဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး ကုန်သည်များအနေဖြင့် ဝယ်ယူမှုပြန်လည်များပြားလာသည့်အပြင် ဈေးကွက်အတွင်း၌ပါ ဈေးကောင်းရရှိနေကြောင်း သိရသည်။

“မန္တလေးဈေးကွက်ထဲမှာ ငါန်းဇွန်၊ မြို့သာနဲ့ မုံရွာဘက်က ဝင်လာတဲ့ဂျုံတွေလဲ ရှိပါတယ်။ ဒါပေမဲ့ မြင်းမူဘက်က ဂျုံတွေက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်လာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇူလိုင်လ ပထမပတ်အတွင်းက မြင်းမူဘက်က ဂျုံများ အရောင်းအဝယ်အေးနေသောကြောင့် ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ သာရှိခဲ့ကြောင်း၊ ဇူလိုင် ၁၁ ရက်ဈေးအရ မန္တလေးဈေးကွက်အတွင်း ဂျုံများအဝယ်လိုက်လာခြင်းကြောင့် ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ပေါက်ဈေးရှိနေကြောင်းသိရသည်။

“မန္တလေးဈေးကွက်ထဲမှာ ဂျုံအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုတစ်လော တော်တော်လေးများလာတယ်။ ပြည်ပဈေးကွက်ကိုတော့ဂျုံတင်ပို့မှုက အနည်းငယ်လောက်ပဲရှိတယ်။ ဂျုံအသစ်တွေ ဈေးကွက်ထဲပြန်ဝင်လာတာကြောင့် နောက်ပိုင်း ဂျုံဈေးက ဈေးကောင်းရဖို့ရှိနေပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ဂေါ်ဝိန်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား များပြားလာ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေး ဂေါ်ဝိန်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ဂေါ်ဝိန်ဆိပ်ကမ်းမှ ကုန်စည်မျိုးစုံဖြစ်သည့် ခရမ်းချဉ်၊ ဆန်၊ ပဲ၊ ပြောင်း အပါအဝင် အခြားကုန်စည်အမျိုးမျိုးကို ကသာ၊ ထီးချိုင့်၊ ရွှေကူနှင့် ဗန်းမော်စသည့်မြို့ကြီးများသို့ တင်ပို့လျက်ရှိရာ ချော်ဆိပ်ကမ်း၊ ရွှေကြက်ယက်ဆိမ်းကမ်းနှင့် မရမ်းခြံဆိပ်ကမ်းတို့ထက် ဂေါ်ဝိန်ဆိပ်ကမ်းတွင် ယခုတစ်လော ကုန်စည်ရရှိမှုများပြားနေသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား များပြားလာကြောင်း သိရသည်။

“ဂေါ်ဝိန်ဆိပ်ကမ်းကနေ ကသာ၊ ထီးချိုင့်၊ ဗန်းမော်စတဲ့မြို့တွေကို ဆန်၊ ဆီတင်ပို့မှုကတော့ အခုတစ်လော အများဆုံးဖြစ်နေပါတယ်။ ရေဝတီမြစ်ရေများချိန်ကာလ ရေလမ်းကြောင်းကောင်းမွန်နေတာကြောင့် ဂေါ်ဝိန်ဆိပ်ကမ်းကနေ အခြားမြို့တွေကို ကုန်စည်တင်ပို့တဲ့သင်္ဘောတွေ သွားလာရ အဆင်ပြေနေပါတယ်”ဟု ဦးဝင်းမောင်က ပြောပြသည်။

ဂေါ်ဝိန်ဆိပ်ကမ်းတွင် အဝတ်အထည်နှင့် လူသုံးကုန်၊ အလှကုန် စသည့်ပစ္စည်းများ များပြားလာသဖြင့် ဂေါ်ဝိန်ဆိပ်ကမ်းတွင် ကုန်တင်၊ ကုန်ချလုပ်သားမှာ ဇူလိုင်လ ပထမပတ်က လုပ်သားဦးရေ ၁၀၀ ကျော်သာရှိခဲ့သော်လည်း ယခုလက်ရှိ ကုန်တင်၊ ကုန်ချလုပ်သား ဦးရေ ၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ဂေါ်ဝိန်ဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ်စသည့်ကုန်စည်အမျိုးမျိုးကို သပိတ်ကျင်း၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့ကြီးများသို့ ကုန်တင်သင်္ဘောအစီးရေ ၂၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ဦးဝင်းမောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် တောဘိုကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မင်းဘူး ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောဘိုကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ တောဘိုကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော တော်ဝင်ထွန်းကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

မင်းဘူးမြို့နယ် တောဘိုကုန်းကျေးရွာ၌ လမ်းအရှည် ၁ ဒသမ ၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျောက်ရောမြေနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၂၂၀ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန် ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

**ဝင်းမာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူမိသားစုက ဒေါ်နှင်းနှင်းအေးအားရည်စူး၍ Oxygen Concentrator တစ်လုံးလှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မျိုးကောင်းမျိုးသန့် မိုးစပါးဧက ၉၀၆၀ စိုက်ပျိုးသွားမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကိုတွေ့ရစဉ်။

**ငပုတော ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မျိုးကောင်းမျိုးသန့်မိုးစပါးဧက ၉၀၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မျိုးကောင်းမျိုးသန့်မိုးစပါးဧက ၉၀၆၀ ကို ဇူလိုင်လ တတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မျိုးကောင်းမျိုးသန့်မိုးစပါး စိုက်ဧကများကို အခက်အခဲမရှိစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ ငပုတောမြို့နယ်မှာ မျိုးကောင်းမျိုးသန့်မိုးစပါးဧက ၉၀၆၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ အဲဒီမျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးသွင်းအားစုတွေနဲ့ နည်းပညာတွေကို ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။ မျိုးကောင်းမျိုးသန့် စိုက်ဧကတွေ များများစိုက်ပျိုးနိုင်တဲ့အခါ ဒေသမှာမျိုးကောင်းမျိုးသန့်စပါးတွေ အများအပြားစိုက်ပျိုးထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ စိုက်နည်းစနစ်မှန်ကန်ဖို့၊ အရည်အသွေးကောင်း စပါးတွေထုတ်လုပ်နိုင်ဖို့အတွက် နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် မျိုးကောင်းမျိုးသန့် မိုးစပါးများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာများ ပြုပြင်ဆောင်ရွက်ခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထည့်သွင်းစိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ငပုတောမြို့နယ်တွင် ပြီးခဲ့သည့်နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၇၆၀၇ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ ၉၄ ဒသမ ၂၃ တင်း ထွက်ရှိခဲ့ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ထားဝယ်မြို့နယ် ဇဟာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ထားဝယ် ဇူလိုင် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇဟာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်၊ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်နှင့် တာဝန်ရှိသူများက ဇဟာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဇဟာကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အရှည်ပေ ၂၀ ရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၆၅ ဒသမ ၇၇၉ သန်းဖြင့် ရွှေဇဟာကုမ္ပဏီက ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးပါက ဇဟာကျေးရွာနေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည့်အပြင် ဒေသထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ကွန်ဟိန်းမြို့နယ် နမ့်ခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

**ကွန်ဟိန်း ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နမ့်ခမ်းကျေးရွာနှင့် ဝိန်းလုံကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နမ့်ခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက နမ့်ခမ်းကျေးရွာနှင့် ဝိန်းလုံကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၆၁ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်ခမ်းကျေးရွာနှင့် ဝိန်းလုံကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကိုစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၆၁ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှိုသန်းညွန့်**



# မြို့ကလေးမြို့ဟောင်း

**ဗိုလ်ရှိတ်(ရတနာပူရ)**

ကျွန်တော်သည် လယ်တွင်းဒေသရှိ တိမ်မြုပ်နေသော ရှေးမြို့ဟောင်းများကို အားတက်သရော ရှာဖွေဖော်ထုတ်နေသည်။ ရှေးခေတ် လယ်တွင်းဒေသသည် ယခုခေတ် ကျောက်ဆည်ခရိုင်၏အကျယ်အဝန်းနှင့် အကြမ်းဖျင်းအားဖြင့် တူညီသည်။ မြို့ဟောင်းနေရာများကို ရှာဖွေစူးစမ်းရာတွင် ဒေသခံများ၏စကားများ၊ ရွာအမည်များကို အဓိကအလေးထားစူးစမ်းရသည်။ ဥပမာအားဖြင့် မြို့ကုန်းရွာဟုဆိုလျှင် ထိုရွာသည် ယခင်က မြို့ဟောင်းတစ်ခုဖြစ်နိုင်ကြောင်း တွေးတောသုံးသပ်ရသည်။ ထိုအတွေးအတိုင်း မြို့ကုန်းရွာများသို့ ကွင်းဆင်းလေ့လာကြည့်လျှင် မြို့ကုန်းရွာအတွင်း၌ အုတ်မြို့ရိုးများကို ရှာဖွေတွေ့ရှိလာသည်။ ထိုသို့မြို့ရိုးများတွေ့ရှိလာမှ မြို့ဟောင်းတစ်မြို့ဖြစ်မှန်း သိလာရသည်။ မြစ်သားမြို့နယ် သပြေတောင်းရွာအနီးတွင်ရှိသော မြို့ကုန်းရွာသည် ရွာအမည်မြို့ကုန်းပါသည်နှင့် ကွင်းဆင်းလေ့လာရာမှ ရှေးမြို့ဟောင်းတစ်မြို့ဖြစ်မှန်း သိလာရသည်။

ဒေသခံတို့၏စကားဖြင့် မြို့ဟောင်းနေရာခြေရာခံရခြင်းမှာ ဒေသခံတစ်ဦးဦးက "ကျွန်တော်တို့ရွာဘေးမှာ မြို့ရိုးကြီးတွေရှိတယ်။ အုတ်ကုန်းကြီးတွေရှိတယ်" စသည်ဖြင့် ပြောလာလျှင် ထိုဒေသခံပြောပြသောနေရာသို့ ကွင်းဆင်းလေ့လာကြည့်ပါက ရှေးမြို့ဟောင်းများတွေ့လာရသည်။ ကျွန်တော်သည် ထိုနည်းနှစ်နည်းဖြင့် မြို့ဟောင်းများကို ရှာဖွေခဲ့သည်။

မြို့ဟောင်းများကို ရှာဖွေရာတွင် ထိုကဲ့သို့သောနည်းလမ်းနှစ်သွယ်အပြင် အခြားနည်းလမ်းတစ်ခုလည်း ရှိသေးသည်။ ထိုနည်းလမ်းမှာ မြို့ဟောင်းနေရာများသို့ ရောက်ဖူးခဲ့သည့် စာရေးဆရာများက ရေးသားမှတ်တမ်းတင်ခဲ့သည့်စာများကိုဖတ်၍ ရှာဖွေနိုင်သည်။ မြို့ကလေးမြို့ဟောင်းမှာ ထိုနည်းဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းသာဖြစ်သည်။ မြို့ကလေးမြို့ရှိကြောင်းကို ဆရာသိပ္ပံမောင်ဝ၏ "ရဲရမန်းစာတမ်း"ကြီးကိုဖတ်၍ သိခဲ့ရခြင်းဖြစ်သည်။ သိပ္ပံမောင်ဝသည် ကိုလိုနီခေတ်က ကျောက်ဆည်စီရင်စုတွင် အရေးပိုင်အဖြစ် အမှုထမ်းခဲ့ရသူဖြစ်သည်။ ထိုကဲ့သို့အရေးပိုင်အဖြစ် အမှုထမ်းနေစဉ် ရဲရမန်းစာတမ်းကြီးကို ကိုယ်တွေ့ရေးသားခဲ့ခြင်းဖြစ်သည်။ သိပ္ပံမောင်ဝ၏စာတမ်းကြောင့် မြို့ကလေးမြို့ဟောင်းရှိကြောင်း သိလာရပြီး ထိုမြို့ဟောင်းအကြောင်းကို ဆရာကြီး တမ္ပဝတီဦးဝင်းမောင်ကို ပြောမိပါသည်။ ဆရာကြီးက လွန်ခဲ့သည့် နှစ် ၃၀ ခန့်က ရောက်ဖူးကြောင်း၊ ယခုမရောက်ဖြစ်တော့ကြောင်း ပြောပြသည်။ သို့နှင့် မြို့ကလေးမြို့ဟောင်းကို ဆရာကြီးနှင့်အတူ ကွင်းဆင်းလေ့လာဖြစ်ခဲ့သည်။

**တည်နေရာ**

မြို့ကလေးမြို့ဟောင်းသည် ဒုဋ္ဌဝတီ ခေါ် မြစ်ငယ်မြစ်၏တောင်ဘက်ကမ်းတွင် တည်ရှိသည်။ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်း၌တည်ရှိပြီး ကျောက်ဆည်မြို့၏အရှေ့မြောက်စွန်းစွန်းတွင် တည်ရှိသည်။ ကျောက်ဆည်မြို့နယ်အတွင်းရှိ သမန်းသာရွာနှင့် သရက်ပင်ရွာသည် မြစ်ငယ်မြစ်၏တောင်ဘက်ကမ်း၌တည်ရှိကြသည်။ သရက်ပင်ရွာသည် သမန်းသာရွာ၏အထက်၌ တည်ရှိသည်။ မြို့ကလေးမြို့ဟောင်းသည် သမန်းသာရွာနှင့် သရက်ပင်ရွာကြား၌ တည်ရှိသည်။ မြို့ကလေးမြို့သည် သမန်းသာရွာနှင့် ပို၍နီးသည်။ သမန်းသာရွာအရှေ့ဘက်၌ရှိသည်။ သရက်ပင်ရွာနှင့်ကား ဝေး၏။ မြို့ကလေးမြို့ဟောင်းတည်ရှိရာနေရာသည် သရက်ပင်ရွာ ကွင်းအမှတ်(၆)အတွင်းရှိပြီး မြေနေရာပိုင်ရှင်မှာ သမန်းသာရွာမှ ဦးကြည်ခင်နှင့် ဒေါ်ချို့တို့ဖြစ်သည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၇၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၁ မိနစ်ကြား၌ ရှိသည်။ မြစ်ငယ်မြစ်သည် မြို့ကလေးမြို့ဟောင်းအထက်တွင် အရှေ့မှ အနောက်သို့စီးဆင်းခဲ့သော်လည်း မြို့ကလေးမြို့ဟောင်းနေရာသို့ရောက်သောအခါ မြစ်သည် တောင်ဘက်မှ မြောက်ဘက်သို့ ကွေ့ကောက်၍ စီးဆင်းသွားသည်။

မြို့ကလေးမြို့ဟောင်းသည် ကွေ့ကောက်နေသော အငူပေါ်တွင် တည်ထားသောကြောင့် မြို့မှာ အရှေ့ဘက်သို့ မျက်နှာမူထားသကဲ့သို့ရှိသည်။ ထိုကဲ့သို့ မြစ်ကြောင်းကောက်မှုကြောင့် မြို့အရှေ့ဘက်တွင်လည်း မြစ်ငယ်မြစ်ရှိသကဲ့သို့ မြို့မြောက်ဘက်တွင်လည်း မြစ်ငယ်မြစ်ရှိနေပေသည်။ မြို့မြောက်ဘက်တွင် တောင်မှ မြောက်သို့စီးဆင်းလာသော ကျောက်ဖြူချောင်းတည်ရှိသည်။ ထိုချောင်းသည် မြို့မြောက်ဘက်တွင် ကျုံးသဖွယ်ကာရံထားသည်ကို တွေ့ရသည်။ မြို့ကလေးမြို့ဟောင်း၏မြောက်ဘက် တစ်ဖက်ကမ်းတွင် ခင်လယ်တောင်နတ်နန်းရှိသည်။ ခင်လယ်တောင်နတ်နန်းမှ တောင်ဘက်ကမ်းသို့ လှမ်းကြည့်၍မြင်ရသောနေရာသည် မြို့ကလေးမြို့ဟောင်းနေရာပင်ဖြစ်သည်။ ခင်လယ်တောင်နတ်နန်း၏အနောက်ဘက်တွင် ခုနစ်မိုင်အပန်းဖြေစခန်းတည်ရှိသည်။ ထို့ကြောင့် မြို့ကလေးမြို့ဟောင်းနေရာကို လမ်းသာသော မြစ်ငယ်မြစ်မြောက်ဘက် ကတ္တရာလမ်းအတိုင်းလာပြီး ခင်လယ်တောင်နတ်နန်းနေရာမှ တောင်ဘက်ကမ်းသို့ လှေဖြင့်ကူး၍လည်း လာ၍ရပေသည်။

**မြို့ဟောင်းခရီး**

မြို့ကလေးမြို့ဟောင်းသည် ကျောက်ဆည်မြို့နယ်အတွင်း၌ တည်ရှိသော်လည်း ကျောက်ဆည်နှင့်မနီးသလို ကျောက်ဆည်မှသွား၍လည်း မလွယ်ပေ။ မြို့ကလေးမြို့ဟောင်းသွားလိုလျှင် မန္တလေးမှ ရွှေစာရံသို့ သွားသောလမ်းအတိုင်း သွားရသည်။ မန္တလေး-ပြင်ဦးလွင်သွားသောလမ်းအတိုင်းသွားလျှင် အုန်းချောကျေးရွာသို့ ရောက်သောအခါတွင် မြို့ကလေးမြို့ဟောင်းသို့သွားရန် လမ်းနှစ်သွယ်ရှိသည်။

တစ်လမ်းမှာ အုန်းချောကျေးရွာမှ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့သွားသောလမ်းအတိုင်း သွားရသည်။ ထိုလမ်းအတိုင်းသွား၍ ခုနစ်မိုင်အပန်းဖြေစခန်းကျော်သောအခါတွင် ခင်လယ်တောင်နတ်နန်းရှိသည်။ ခင်လယ်တောင်နတ်နန်းမှ မြစ်ငယ်မြစ်ကိုဖြတ်ကူးပြီး သွားရသည်။ ဤလမ်းမှ အသွားအလာများပြီး ကားလမ်းကောင်းသော်လည်း မြစ်ကိုဖြတ်ကူးရသောကြောင့် ရေများချိန်ဆိုလျှင် အဆင်ပြေမည်မဟုတ်ပေ။ ကူးစရာလှေလည်း လွယ်လွယ်မရှိပေ။

နောက်တစ်လမ်းမှာ အုန်းချောကျေးရွာမှ ရွှေစာရံဘုရားသို့သွားသောလမ်းအတိုင်းသွားရသည်။ ထိုလမ်းအတိုင်းသွားလျှင် ရွှေစာရံမြစ်ကူးတံတားကို တွေ့ရမည်ဖြစ်သည်။ ရွှေစာရံမြစ်ကူးတံတားကိုဖြတ်ပြီး တောင်ဘက်ကမ်းသို့ရောက်ပါက လမ်းအရှေ့ဘက်တွင်သမန်းသာရွာသို့သွားသော ကားလမ်းကိုတွေ့ရမည်ဖြစ်သည်။ ထိုကားလမ်းအတိုင်း အရှေ့ဘက်သို့သွားပါက သမန်းသာရွာလမ်းဆုံသို့ရောက်မည်ဖြစ်သည်။ ၎င်းလမ်းဆုံမှ အရှေ့သို့ဆက်၍ တစ်မိုင်ခန့်မောင်းလိုက်လျှင် မြို့ကလေးမြို့ဟောင်းသို့သွားသော လှည်းလမ်းကလေးကို တွေ့ရမည်ဖြစ်သည်။ ထိုလှည်းလမ်းအတိုင်း မြောက်ဘက်သို့တစ်ဖာလုံခန့်သွားလိုက်ပါက မြစ်ငယ်မြစ်ဘေးတွင်ရှိသော မြို့ကလေးမြို့ဟောင်းနေရာသို့ ရောက်မည်ဖြစ်သည်။ ဒေသခံများက မြို့ကလေးမြို့ဟောင်းဟူ၍မခေါ်ပေ။ မြို့ကလေးတောဟူ၍သာ ခေါ်သည်။ မြို့ကလေးတောဟူ၍မေးသွားမှသာ သိကြပေမည်။

**မြို့ပုံစံနှင့် အကျယ်အဝန်း**

မြို့ကလေးမြို့ဟောင်းသည် တောင်၊ မြောက် အလျားရှည်ပြီး အရှေ့၊ အနောက် အနံတိုသော မြို့ဟောင်းဖြစ်သည်။ မြို့ရှေ့မျက်နှာမြို့ရိုးသည် အဖြောင့်ပုံစံဖြစ်ပြီး တောင်ဘက်မြို့ရိုးသည် ခပ်ဝိုင်းဝိုင်းပုံစံဖြစ်သည်။ အနောက်ဘက်မြို့ရိုးနှင့် မြောက်ဘက်မြို့ရိုးသည် အဖြောင့်ပုံစံလည်းမဟုတ်သလို အဝိုင်းပုံစံလည်းမဟုတ်ပေ။ မြန်မာအက္ခရာ "က"ကဲ့သို့ အလယ်တွင်ခွက်နေသည့်ပုံစံဖြစ်သည်။ မြို့ရိုးပတ်ပတ်လည် အလျား ၁၃၅၈ ပေခန့်ရှည်လျား၍ ဧကအားဖြင့် နှစ်ဧကခွဲခန့်ကျယ်ဝန်းသည်။ မြို့အနောက်ဘက်မျက်နှာနှင့် မြောက်ဘက်မျက်နှာသည် "က" အက္ခရာပုံစံကဲ့သို့ ကွေ့ကောက်နေရခြင်းမှာ တောင်ဘက်မှ အနောက်မျက်နှာနှင့် မြောက်ဘက်မျက်နှာကို ကွေ့ပတ်၍စီးဆင်းလာသော ကျောက်ဖြူချောင်းအတိုင်း တည်ထားခြင်းဖြစ်နိုင်သည်။ ချောင်းကောက်ရင်ကောက်သလို တည်ထားခဲ့ခြင်းကြောင့်ဖြစ်ပေမည်။

❖ မြို့ကလေးမြို့ဟောင်းသည် ရာဇဝင်ကျမ်းများ၊ သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားခြင်းမရှိသော မြို့ဟောင်းတစ်မြို့ဖြစ်သည်။ ရာဇဝင်မှတ်တမ်းများတွင်မတွေ့ရသော်လည်း မြို့ဟောင်းမှာ ယခုအခါ ထင်ထင်ရှားရှားတွေ့နေရပြီဖြစ်သည်။ သေသေချာချာပြောနိုင်သည်မှာ ဤမြို့ကလေးမြို့ဟောင်းနေရာတွင် ကြေးခေတ်ကတည်းက လူသားများ နေထိုင်ခဲ့ပြီး ပုဂံခေတ်၊ ညောင်ရမ်းခေတ်တို့တွင် မြို့ရိုးအပြည့်အစုံရှိသော မြို့တစ်မြို့အဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်းပင်ဖြစ်သည်။ ပုဂံခေတ်တွင် မြို့ကလေးမြို့ဟောင်းကို မည်သူတည်ခဲ့ကြောင်း ရာဇဝင်ကြီးများတွင် ဖော်ပြထားသည်ကိုမတွေ့ရသော်လည်း သိပ္ပံမောင်ဝ၏ မှတ်တမ်းအရ အနော်ရထာမင်းတည်ခဲ့သည်ဟု ယာယီမှတ်သားထားသင့်သည်။ ❖

**သိပ္ပံမောင်ဝ၏မှတ်တမ်းမှ မြို့ကလေးပုံစံ**

သိပ္ပံမောင်ဝ၏ ရဲရမန်းစာတမ်းတွင် မြို့ကလေးမြို့ပုံစံကို ကွက်ကွက်ကွင်းကွင်းမြင်အောင်ရေးသားထားသည်ကို တွေ့ရသည်။ သိပ္ပံမောင်ဝ၏ မှတ်တမ်းသည် ၁၉၃၈ ခုနှစ် ကိုလိုနီခေတ်က ရေးခဲ့သောမှတ်တမ်းဖြစ်သည်။ သို့ဖြစ်သောကြောင့် မြို့ကလေးမြို့ပုံစံကို ယခုခေတ်ထက်ပို၍ ထင်ထင်ရှားရှားတွေ့ရမည်ဖြစ်သည်။ ရဲရမန်းစာတမ်း၌ မှတ်တမ်းတင်ထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

"သရက်ပင်ရွာမှစုန်လာ၍ သုံးလေးမိုင်လောက်ဝေးလာသောအခါ မြို့ကလေးဟုအမည်တွင်သော ခံမြို့ဟောင်းသို့ရောက်ကြကုန်၏။ လှေကို ကမ်းဘေးတွင်ဆိုက်ထားပြီးနောက် မောင်လူအေးနှင့် သူကြီးမင်းဦးစံပတို့တက်ကြည့်ကြလေသည်။ ထိုခံမြို့၏ မြို့ရိုးနေရာရှိပေသေးသည်။ အုတ်ကျိုးအုတ်ပျက်များကိုလည်း အမြောက်အမြားတွေ့ရ၏။ အရှေ့၊ အနောက်နှင့် တောင် သုံးမျက်နှာတွင် မြို့ရိုးနေရာများရှိသေး၏။ မြောက်ဘက်မြို့ရိုးကား ရေစား၍ မြစ်ထဲပါသွားဟန်တူလေသည်။ မြို့ရိုးတစ်ဖက် ပေ ၁၅၀ ခန့်ရှည်မည်။ ယခုမူကား ထိုမြို့ကလေးနေရာတွင် အိမ်ခြေဟူ၍မရှိ။ ဝါးရုံများ အကြီးအကျယ်ပေါက်နေလေပြီ။ ထိုဝါးရုံများအကြား တိုး၍သွားကြရ၏။ ထိုမြို့ကလေး၏ မြောက်ဘက်တွင်ကား ကျောက်ဖြူရေစီးခေါ်သော ရေစီးတစ်ခုရှိသည်။

ထိုခံမြို့ကလေးကို တည်သည်မှာ ရှမ်းများ၏ဘေးကို ကာကွယ်ရန်အတွက် တည်ခဲ့ခြင်းဖြစ်၏။ အနော်ရထာမင်းစောလက်ထက်တော်အခါက ရှမ်းများ၏ဘေးကို ကာကွယ်ရန်အလို့ငှာ ကျောက်ဆည်နယ်တွင်း ခံမြို့ ၁၁ မြို့တည်ခဲ့လေသည်။ ထို ၁၁ မြို့အနက် ဒုဋ္ဌဝတီမြစ်ရိုးတွင် တည်ရှိနေသော တအုံ့ရွာလည်း တစ်ရွာပါဝင်သည်ဟု တချို့ကဆို၏။ တချို့ကမူကား တအုံ့ရွာမဟုတ် ရွာဘုံရွာနေရာဖြစ်သည်ဟု ဆိုကြလေသည်။ ဤမြို့ကလေးခံမြို့ကား တအုံ့ရွာ၊ ရွာဘုံရွာတို့ထက် ပို၍အထက်ကျလေသည်။ မြို့ကလေးခံမြို့ကို အနော်ရထာမင်းစောလက်ထက်ကပင် တည်ခဲ့သည်။ သရက်ပင်ရွာသူကြီးမင်းကမူ ဤမြို့ကလေးခံမြို့ကို အနော်ရထာမင်းစောတည်ခဲ့သည်ဟု ဆိုလေသည်"

သိပ္ပံမောင်ဝ၏မှတ်တမ်းအရ ထိုအချိန်အခါက မြို့ရိုးများကို ထင်ထင်ရှားရှားတွေ့ရသည်ဟု ဆိုထားသော်လည်း ယခုအခါ ရေးရေးမျှသာမြင်တွေ့ရတော့သည်။ သိပ္ပံမောင်ဝ တိုးဝှေ့၍ဝင်ခဲ့ရသော ဝါးရုံပင်ကြီးများမှာ ယခုမရှိတော့ပေ။ မြို့အရှေ့တောင်ဘက်တွင် တစ်ရုံနှစ်ရုံသာရှိတော့သည်။ သရက်ပင်ရွာသူကြီး၏ ပြောကြားချက်အရဆိုလျှင် မြို့ကလေးမြို့ဟောင်းသည် အနော်ရထာမင်းတည်ခဲ့သည်ဟုဆိုရန်ရှိသည်။ တည်ခဲ့ရသည့်အကြောင်းမှာလည်း မြစ်ငယ်မြစ်ကြောင်းတစ်လျှောက်မှ ဝင်ရောက်လာနိုင်သောရှမ်းများ၏ အန္တရာယ်ကို ကာကွယ်ရန်အတွက်ဟု သိရသည်။

**အုတ်အရွယ်အစား**

မြို့ကလေးမြို့ဟောင်းမှ အုတ်အရွယ်အစားသုံးမျိုး တွေ့ရသည်။ အုတ်များမှာ အနံနှင့်ထုသာ တိုင်း၍ရသည်။ အလျားမှာ အပိုင်းပိုင်းကျိုးနေသောကြောင့် တိုင်းမရပေ။ မြို့ကလေးမြို့ဟောင်းမှရသော အုတ်အရွယ်အစားမှာ အလျား(-)၊ အနံ ကိုးလက်မ၊ ထု သုံးလက်မ၊ အလျား(-)၊ အနံ ကိုးလက်မ၊ ထု နှစ်လက်မခွဲ၊ အလျား (-)၊ အနံ ရှစ်လက်မ၊ ထု နှစ်လက်မတို့ဖြစ်သည်။ အုတ်မှာ အလျားမတွေ့ရသော်လည်း အနံ၏နှစ်ဆသည် အလျားပင်ဖြစ်သည်။ ထို့ကြောင့် အနံကိုးလက်မရှိလျှင် အလျား ၁၈ လက်မရှိမည်။ အနံရှစ်လက်မရှိလျှင် အလျား ၁၆ လက်မရှိရပေမည်။ ထို့ကြောင့် မြို့ကလေးမြို့ဟောင်းမှ အုတ်အရွယ်အစားသည် (၁၈×၉×၃)လက်မ၊ (၁၈×၉×၂½)လက်မ၊ (၁၆×၈×၂)လက်မဟူ၍ သုံးမျိုးတွေ့ရသည်။ ထိုသုံးမျိုးတွင် (၁၈×၉×၃)လက်မအုတ်အရွယ်အစားနှင့် (၁၈×၉×၂½)လက်မ အုတ်အရွယ်အစားသည် ပုဂံခေတ်အုတ်များဖြစ်ပြီး (၁၆×၈×၂)လက်မ အုတ်အရွယ်အစားသည် ညောင်ရမ်းခေတ်အုတ်ဖြစ်ပေသည်။ အထက်ပါအုတ်အထောက်အထားများအရ မြို့ကလေးမြို့ဟောင်းသည် ပုဂံခေတ်ကတည်းက တည်ဆောက်ထားခဲ့သော မြို့ဟောင်းတစ်မြို့ဖြစ်ကြောင်း အတိအကျပြောနိုင်ပေသည်။ သိပ္ပံမောင်ဝ၏မှတ်တမ်း၌ တွေ့ရသော ပုဂံခေတ်အနော်ရထာမင်းတည်သည်ဟူသောစကားနှင့်လည်း တစ်ထပ်တည်းကျပေသည်။ ညောင်ရမ်းခေတ်အုတ်အရွယ်အစားများ တွေ့ရသောကြောင့် ဤခံမြို့ကို ညောင်ရမ်းခေတ်တွင် ပြန်လည်ပြင်ဆင်ခဲ့သည်ဟု ယူဆရသည်။ သို့ဖြစ်သောကြောင့် အုတ်ကပြောသောသမိုင်းအရ မြို့ကလေးမြို့ဟောင်းသည် ပုဂံခေတ်မှညောင်ရမ်းခေတ်ထိ ခံမြို့အဖြစ်တည်ရှိခဲ့သောမြို့ဟောင်းဟု ဆိုရပေမည်။

**ကြေးခေတ်ကျောက်ကွင်း**

မြို့ကလေးမြို့ဟောင်းသို့ ကွင်းဆင်းစဉ်က မြို့ကလေးမြို့ဟောင်းနေရာမှ ကြေးခေတ်လူသားတို့အသုံး

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၄၉၃၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သော ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၄၉၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၀၁၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၉၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခုဧက ၄၉၀၀ ကျော်စိုက်ပျိုးပြီးစီးနေပါပြီ။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ဈေးကွက်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးတွက်ခြေကိုက်တော့ စိုက်လာတဲ့သဘောပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်၌ ယခုနှစ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၁၃၀၀၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၂ ဧကနှင့်မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၃၂ ဧက စုစုပေါင်း ၁၅၉၄ ဧကနှင့် ကလေးမြို့နယ်တွင် ဖူးစားပြောင်း ၃၁၂ ဧက၊ ကလေးဝမြို့နယ်တွင် ဖူးစားပြောင်း ၇၁၉ ဧကနှင့်မင်းကင်းမြို့နယ်တွင် ဖူးစားပြောင်း ဧက ၂၃၁၀ စုစုပေါင်း ၃၃၄၁ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၁၇၉၅၀၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၁၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၅၅၁ ဧက စုစုပေါင်း ၁၈၇၁၆ ဧကနှင့် ကလေးမြို့နယ်တွင် ဖူးစားပြောင်း ၅၇၃၉ ဧက၊ ကလေးဝမြို့နယ်တွင် ဖူးစားပြောင်း ၂၃၆၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ဖူးစားပြောင်း ၃၃၃၇ ဧက စုစုပေါင်း ၁၁၄၄၁ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ပြုခဲ့သော ကျောက်ကွင်းအပိုင်းအစတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုကျောက်ကွင်းသည် ကြေးခေတ်လူသားတို့လက်တွင် ဝတ်ဆင်သော လက်ကောက်ကျောက်ကွင်းဖြစ်သည်။ ဤကြေးခေတ်ကျောက်ကွင်း တွေ့ရှိခဲ့ရသောကြောင့် မြို့ကလေးမြို့ဟောင်းနေရာတွင် ကြေးခေတ်ကတည်းက လူသားများနေထိုင်ခဲ့ကြောင်း သိနိုင်လေသည်။ ထို့ထက်ကျယ်ပြန့်စွာ ဆိုရလျှင် မြစ်ငယ်မြစ် ရှမ်းဒေသတွင် ကြေးခေတ်လူသားများနေထိုင်ခဲ့သည်ဟု ပြောနိုင်ပေသည်။

**လက်ရှိအနေအထား**

ယခုအခါတွင် မြို့ကလေးမြို့ဟောင်းသည် လယ်ကွင်းများဖြစ်နေပြီဖြစ်သည်။ ဒေသခံတို့၏ အုတ်များတူးဖော်ထားမှု၊ နှစ်စဉ်လယ်ထွန်မှုတို့ကြောင့် မြို့ရိုးမှာ ရေးရေးသာမြင်ရတော့သည်။ မြစ်ဘက်ကျသည့်အပိုင်းတွင် မြို့ရိုးမှာ ၁၀ ပေခန့်မြင့်နေသည်ကို တွေ့ရပြီး ထုမှာ ၁၀ ပေခန့်ရှိသည်။ ကျွန်တော်တို့ကွင်းဆင်းလေ့လာစဉ်က မြို့ရိုးများကို တူးဖော်၍ ပုံထားသောအုတ်ပုံကြီးများကို တွေ့ရပေသည်။ အုတ်ပုံကြီးများမှာ လူတစ်ရပ်ခန့်မြင့်ပေသည်။ လူတို့၏ဖျက်ဆီးမှုကြောင့် ရေရှည်တွင် ဤမြို့ဟောင်းလည်း ကွယ်ပျောက်တော့မည်ဖြစ်သည်။

**သုံးသပ်ချက်**

မြို့ကလေးမြို့ဟောင်းသည် ရာဇဝင်ကျမ်းများ၊ သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားခြင်းမရှိသော မြို့ဟောင်းတစ်မြို့ဖြစ်သည်။ ရာဇဝင်မှတ်တမ်းများတွင် မတွေ့ရသော်လည်း မြို့ဟောင်းမှာ ယခုအခါထင်ထင်ရှားရှား တွေ့နေရပြီဖြစ်သည်။ သေသေချာချာပြောနိုင်သည်မှာ ဤမြို့ကလေးမြို့ဟောင်းနေရာတွင် ကြေးခေတ်ကတည်းက လူသားများနေထိုင်ခဲ့ပြီး ပုဂံခေတ်၊ ညောင်ရမ်းခေတ်တို့တွင် မြို့ရိုးအပြည့်အစုံရှိသော မြို့တစ်မြို့အဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်းပင်ဖြစ်သည်။ ပုဂံခေတ်တွင် မြို့ကလေးမြို့ဟောင်းကို မည်သူတည်ခဲ့ကြောင်း ရာဇဝင်ကြီးများတွင် ဖော်ပြထားသည်ကို မတွေ့ရသော်လည်း သိပ္ပံမောင်ဝ၏မှတ်တမ်းအရ အနော်ရထာမင်းတည်ခဲ့သည်ဟု ယာယီမှတ်သားထားသင့်သည်။ အနော်ရထာမင်းသည် လယ်တွင်းဒေသတွင် လယ်တွင်း ၁၁ ရွာကိုတည်ရင်း ဤမြို့ကလေးခံမြို့ကိုပါ တည်ခဲ့သည်ဟု ယူဆနိုင်သည်။ မြို့ကလေးမြို့နေရာသည် ရှမ်းကုန်းပြင်မြင့်မှဆင်းပြီး မြစ်ငယ်မြစ်ကြောင်းအတိုင်းလာလျှင် ပထမဆုံးတွေ့ရမည့် ခံမြို့ဖြစ်သည်။ ပထဝီအနေအထားအရ အရေးပါသည့် ထိုနေရာတွင် အနော်ရထာမင်းသည် ရှမ်းတို့၏ရန်ကို ကာကွယ်ရန်မြို့တည်သည်ဆိုသည်မှာ ဖြစ်နိုင်ပေသည်။ မြို့ကလေးမြို့ဟောင်း၏အောက်ဘက် မြစ်ငယ်မြစ်ရိုးတစ်လျှောက်တွင် လယ်တွင်း ၁၁ ရွာဝင်မြို့များက အစီအရီတည်ရှိနေသည်ကိုကြည့်ခြင်းအားဖြင့် မြို့ကလေးမြို့ကို အနော်ရထာမင်းတည်သည်ဆိုသည်မှာ သဘာဝကျလှသည်။

ရှေးဟောင်းနေရာများ၊ အဆောက်အအုံများသည် သူ့သဘာဝအတိုင်းနေလျှင် ပျက်စီးမှုနည်းပြီး လူတို့ဖျက်ဆီးမှုကြောင့် ပို၍ပျက်စီးရသည်ဟု ဆရာကြီးဦးအောင်မြင်က ဆိုဖူးသည်။ ယခုမြို့ကလေးမြို့ဟောင်းပင် လူတို့ဖျက်ဆီးမှုကြောင့် မြို့ရိုးများပျက်စီးလာပြီဖြစ်သည်။ သိပ္ပံမောင်ဝလက်ထက်က ထင်ထင်ရှားရှားတွေ့ရသော်လည်း ယခု ရေးရေးမျှသာတွေ့ရသည်။ ရှေးမြို့ဟောင်းများ၊ မြို့ရိုးများကို ထိန်းသိမ်းရမည်မှာ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။ သို့ဖြစ်သောကြောင့် မြို့ကလေးမြို့ဟောင်းကို ယခုထက်ပို၍ ပျက်စီးခြင်းမရှိစေရန် ထိန်းသိမ်းသင့်လှပေသည်။

## ရွှေလက်မြဲမြဲ တွဲကြစို့

\- တိုင်းရင်းအဆွေ ညီနောင်ထုတို့
ရိုင်းပင်းသလေ ရည်ဆောင်ပြုတဲ့
ပြည်ထောင်စု ရွှေမြန်မာ၊

\- ရှေးဘုရင် လက်ထက်ကတည်းက
ဘေးဘီဘင် အဆက်ဆက်မြဲလို့
တစ်သက်မခွဲ ချစ်ကြည်ဖြူ
ရိုင်းပင်းကူ ပြည်သာရေးကို
လေးစား၍ သာ၊

\- သွေးစည်းသလေ ကိုယ့်လူမျိုးနဲ့
ရှေးနည်းမသွေ ကိုယ့်မူပျိုးလို့
မညှိုးခဲ့ အစဉ်လာ
(မြန်မာဆိုတာ)
ကမ္ဘာမှာ ဂုဏ်မနည်း၊

\- တစ်ခါမလေ
မြန်မာတွေ စည်းကမ်းဖောက်လို့
ကြာအရှည် ထီးနန်းပျောက်၍
ဒုက္ခရောက် ဖူးလေပြီ
တိုင်းမြန်ပြည် ရည်သန်သမျှ
ညီမှန်မှ လွတ်လပ်သလေ
ထွတ်မြတ်မြေ အရှည်အေးဖို့
တစ်မြေမွေးတို့ သွေးစည်းကာ
ရှေးနည်းသာ သွေမပျက်ကြပါနဲ့
(ရွှေမြန်မာတို့ရေ)
ရွှေလက်တွေမြဲ။ ။

**မောင်နှေဦး(လယ်ဝေး)**

# သထုံမြို့နယ် ကျောင်းဇရပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်း

**သထုံ ဇူလိုင် ၁၂**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကျောင်းဇရပ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်းစံက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်းသည့်အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များ စသည့် အကြောင်းအရာများကို ကဏ္ဍအလိုက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိ၊ ရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သထုံမြို့နယ် ကျောင်းဇရပ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်ရေလုပ်ငန်းလုပ်ကိုင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

## နိုင်ငံတကာ သတင်းများ

# အီရန်သမ္မတအက်ဘရာဟင်ရိုင်စီ အာဖရိကသုံးနိုင်ငံခရီးစဉ်စတင်

**နိုင်ရိုဘီ ဇူလိုင် ၁၂**

အီရန်သမ္မတ အက်ဘရာဟင် ရိုင်စီသည် ၎င်း၏ အာဖရိက သုံးနိုင်ငံခရီးစဉ်ကို ကင်ညာခရီးစဉ်ဖြင့် ယနေ့တွင် စတင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကင်ညာနိုင်ငံသို့ ယနေ့တွင် ရောက်ရှိလာသည့် အီရန်သမ္မတကို ကင်ညာအစိုးရက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ကြောင်း သိရသည်။


ထို့နောက် အီရန်သမ္မတ ရိုင်စီသည် ကင်ညာသမ္မတ ရူတိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ကင်ညာသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အီရန်သမ္မတ ရိုင်စီသည် ကင်ညာခရီးစဉ် ပြီးဆုံးချိန်တွင် ယူဂန်ဒါနိုင်ငံနှင့် ဇင်ဘာဘွေနိုင်ငံများသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရချိန်တွင် အီရန်နိုင်ငံသည် အာဖရိကနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆက်ဆံရေးပိုမိုခိုင်မာလာစေရန် ကြိုးစားခဲ့သည်။

အာဖရိကသို့ နောက်ဆုံးသွားရောက်ခဲ့သော အီရန်ခေါင်းဆောင်မှာ သမ္မတဟောင်း အမာဒီနီဂျက်ဖြစ်ပြီး ၂၀၁၃ခုနှစ်တွင် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



# တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း မြောက်ကိုရီးယားနိုင်ငံပစ်လွှတ်

**ပြုံယမ်း ဇူလိုင် ၁၂**

မြောက်ကိုရီးယား နိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်(အိုင်စီဘီအမ်)အဖြစ် ယူဆရသော တာဝေးပစ်ဒုံးကျည်တစ်စင်းကို ယနေ့တွင် ပစ်လွှတ်ခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်အတ္တလန်တစ် စာချုပ်အဖွဲ့(နေတိုး)အုပ်စုထိပ်သီးညီလာခံ၌ ဂျပန်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များ သီးခြားမတွေ့ဆုံမီ မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ် ဒုံးကျည်စမ်းသပ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသမှတစ်ဆင့် ပစ်လွှတ်ခဲ့သော အဆိုပါဒုံးကျည်သည် ကီလိုမီတာ ၆၀၀၀ အမြင့်ထိ တက်ရောက်၍ ကီလိုမီတာ ၁၀၀၀ အကွာထိပျံသန်းခဲ့ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများကပြောကြားခဲ့သည်။

အဆိုပါ တိုက်ချင်းပစ်ဒုံးကျည် ပျံသန်းချိန်သည် ၇၄ မိနစ်ထိ ကြာမြင့်ခဲ့ရာ မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ပစ်လွှတ်ဖူးသမျှ တာဝေးပစ် ဒုံးကျည်များအနက် ပျံသန်းချိန် အကြာဆုံးဒုံးကျည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒုံးကျည်သည် ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်မိုင် ၃၄၀ အကွာရေပြင်အတွင်း ကျရောက်ခဲ့ဖွယ်ရှိကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ယူဆထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ် ဧပြီလကလည်း ၎င်း၏ ပထမဆုံးလောင်စာခဲသုံး တိုက်ချင်းပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

KKO

# ရုရှားသမ္မတပူတင် တရုတ်နိုင်ငံသို့ သွားရောက်မည်



**မော်စကို ဇူလိုင် ၁၂**

ရုရှားသမ္မတပူတင် အနေဖြင့် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သမ္မတပူတင်အနေဖြင့် တရုတ်နိုင်ငံသို့သွားရောက်ရန် စီစဉ်ထားပြီး ပြင်ဆင်မှုများအဆုံးသတ်ချိန်တွင် ခရီးစဉ်စတင်မည့်နေ့ရက်အချိန်ကို ကြေညာပေးမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်သည် တရုတ်နှင့် ရုရှားနိုင်ငံတို့ကြား ခိုင်မာပြီးသားဆက်ဆံရေးကို ပို၍မြှင့်တင်ရမည့် အချိန်ကောင်းဖြစ်ကြောင်း ဒီမီထရီ ပက်စကော့ဗ်က ပုံမှန်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းပြဿနာကို အကြောင်းပြု၍ အနောက်အုပ်စု နိုင်ငံများနှင့် ဆက်ဆံရေးပျက်ပြားခဲ့ရပြီးနောက် စီးပွားရေး၊ ကုန်သွယ်ရေး၊ နိုင်ငံရေးနှင့်စစ်ရေးအရ တရုတ်နိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုများ မြှင့်တင်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယခုနှစ်အတွင်း မော်စကိုမြို့သို့ ရောက်ရှိခဲ့ပြီး ရုရှားသမ္မတပူတင်နှင့် သဘောတူညီချက် အများအပြား ရယူခဲ့သည်။

တရုတ်နိုင်ငံသည် ယူကရိန်း စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် ကြားဝင်ရန် ကြိုးစားနေသော်လည်း ရုရှားနိုင်ငံကို ပြစ်တင်ဝေဖန်မှုမရှိခဲ့ကြောင်း သိရသည်။

KKO

# တရုတ်စစ်လေယာဉ်နှင့်စစ်သင်္ဘောများ တရုတ်(ထိုင်ပေ)ဝန်းကျင်၌ စစ်ရေးလေ့ကျင့်

**ထိုင်ပေ ဇူလိုင် ၁၂**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) ရေတပ်နှင့်လေတပ်တို့မှစစ်သင်္ဘောများနှင့် စစ်လေယာဉ်များသည် ယနေ့တွင် တရုတ်(ထိုင်ပေ)ကျွန်းဝန်းကျင်၌ဒုတိယမြောက်နေ့အဖြစ် စစ်ရေးလေ့ကျင့်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်စဉ်ပြုလုပ်မြဲ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို တရုတ်(ထိုင်ပေ)က မစတင်မီ ရက်သတ္တနှစ်ပတ်မျှအလိုတွင် တရုတ်စစ်ဘက်က စစ်ရေးလေ့ကျင့်မှုများကို တရုတ်(ထိုင်ပေ) ဝန်းကျင်၌ ပြုလုပ်နေခြင်းဖြစ်သည်။

တရုတ်စစ်ဘက်က ယနေ့တွင် တရုတ်(ထိုင်ပေ) တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၌ ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုများထဲတွင် ဂျက်တိုက်လေယာဉ်များ၊ဗုံးကြဲလေယာဉ်များနှင့် စစ်သင်္ဘောများ ပါဝင်ခဲ့ကြောင်း တရုတ်(ထိုင်ပေ)တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုများအတွင်းပါဝင်ခဲ့သော တရုတ်စစ်လေယာဉ်အစင်း ၃၀ အနက် ၂၃စင်းတို့မှာ ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုများတွင်လည်း တရုတ်စစ်လေယာဉ် ၃၂ စင်းတို့က တရုတ်(ထိုင်ပေ)၏ လေကြောင်းရန်ကာကွယ်ရေးစိစစ်ဇုန်အတွင်း ဝင်ရောက်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် တရုတ်(ထိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်(ထိုင်ပေ)အပေါ် စစ်ရေးအရ၊ သံတမန်ရေးအရ ပို၍ ဖိအားပေးလာခဲ့ကြောင်း သိရသည်။

KKO



# ကုန်သေတ္တာတင်သင်္ဘောတက်မ၌ ခိုတွယ်လိုက်ပါလာသည့် နိုင်ဂျီးရီးယားနိုင်ငံသားနှစ်ဦးကို စပိန်ကမ်းခြေစောင့်တပ်ကယ်တင်

**မက်ဒရစ် ဇူလိုင် ၁၂**

သင်္ဘောတစ်စီး၏ တက်မ၌ ခိုတွယ်လိုက်ပါလာသော နိုင်ဂျီးရီးယားနိုင်ငံသား ရွှေ့ပြောင်းဝင်ရောက်သူ နှစ်ဦးကို စပိန်ကမ်းခြေစောင့်တပ်က ကယ်တင်ပေးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါနိုင်ဂျီးရီးယားနိုင်ငံသားနှစ်ဦးကို တိုဂိုနိုင်ငံမှ စပိန်နိုင်ငံကနေရီကျွန်းစုသို့ ရောက်ရှိလာသော သင်္ဘောတစ်စီး၏ တက်မပေါ်တွင် ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အမ်အက်စ်စီမာတာ အမည်ရှိ သင်္ဘော၏တက်မ၌ ခိုတွယ်လိုက်ပါလာသူများမှာ အသက် ၁၉ နှစ်နှင့် ၂၂ နှစ်ရှိ နိုင်ဂျီးရီးယားလူငယ်များဖြစ်ကြောင်း စပိန်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

အမ်အက်စ်စီမာတာ ကုန်တင်သင်္ဘောသည် ကနေရီကျွန်းစုသို့ မရောက်ရှိမီ တိုဂိုနိုင်ငံ ပိုမိတော်ဆိပ်ကမ်း၌ နောက်ဆုံးဆိုက်ကပ်ခဲ့သည်။


စပိန် ပြည်တွင်းမီဒီယာများ၏ အဆိုအရ နိုင်ဂျီးရီးယားလူငယ်နှစ်ဦးသည် အမ်အက်စ်စီမာတာ သင်္ဘော၏တက်မကို အနည်းဆုံး ခုနစ်ရက်ကြာမျှ ခိုတွယ်လိုက်ပါခဲ့ရဖွယ်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်နိုဝင်ဘာလကလည်း စပိန် ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ဂျီးရီးယားမှ ကနေရီကျွန်းသို့ ရောက်ရှိလာသောရေနံတင်သင်္ဘောတစ်စီး၏တက်မ၌ ၁၁ရက်ကြာ ခိုတွယ်လိုက်ပါလာသော နိုင်ဂျီးရီးယားနိုင်ငံသားသုံးဦးကို ကယ်တင်ခဲ့ရဖူးကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းပြင်ပ ရေခဲဂြိုဟ်များ၌ မြေအောက်သမုဒ္ဒရာများ တည်ရှိနိုင်ခြေမှာ ယခင်တွေးထင်ထားသည်ထက် ပို၍မြင့်မားနိုင်



ဝါရှင်တန် ဇူလိုင် ၁၂

နေအဖွဲ့အစည်းပြင်ပ ရေခဲဂြိုဟ်များ၌ မြေအောက်သမုဒ္ဒရာများတည်ရှိနိုင်ခြေမှာ ယခင် တွေးထင်ထားသည်ထက် ပို၍မြင့်မားနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စကြဝဠာအတွင်း ရေခဲလွှာများ ဖုံးလွှမ်းထားသော်လည်း ရေခဲလွှာအောက်၌ သက်ရှိများရှင်သန်ရေးအတွက် သင့်လျော်သော မြေအောက်သမုဒ္ဒရာများရှိနိုင်ခြေမှာ ယခင်တွေးထင်ထားသည်ထက် ပိုများနိုင်ကြောင်း အမေရိကန်နိုင်ငံ ရပ်ဂျားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ရေခဲဂြိုဟ်များတွင် မြေအောက်သမုဒ္ဒရာများ ရှိနိုင်မှုကြောင့် စကြဝဠာအတွင်း၌ သက်ရှိများ ဖြစ်ထွန်းနိုင်မည့် ဂြိုဟ်အရေအတွက်လည်း ပို၍များပြားစွာရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ရေခဲလွှာများ ဖုံးလွှမ်းထားသော ကျောက်သားဂြိုဟ်များသည် အတွင်းပိုင်းအပူဓာတ်ကြောင့် ရေဓာတ်ကို အရည်ပုံစံဖြင့် ထိန်းထားနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များ၏ ယခင်ခန့်မှန်းချက်အရ ကြယ်အစင်း ၁၀၀ ရှိလျှင် ရေဓာတ်တည်ရှိနိုင်သော ကျောက်သားဂြိုဟ်တစ်စင်း တည်ရှိနိုင်ကြောင်း သိရသည်။

သို့ရာတွင် ရေခဲလွှာဖုံးလွှမ်းထားသည့် ကျောက်သားဂြိုဟ်များ၏ ရေဓာတ်ထိန်းထားနိုင်စွမ်းကြောင့် ရေဓာတ်တည်ရှိနိုင်သောဂြိုဟ်အရေအတွက်မှာ မူလတွေးထင်ထားသည်ထက် အဆများစွာ ပိုများနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# HEALTH

## မျိုးဗီဇဖောက်ပြန်မှုရောဂါရှိနေသူများ၌ အယ်ဇိုင်းမားကာကွယ်ဆေး စမ်းသပ်နေ

စတော့ဟုမ်း ဇူလိုင် ၁၂

Down's Syndrome ခေါ် မျိုးဗီဇဖောက်ပြန်မှုရောဂါတစ်မျိုး ရှိနေသူများ၌ အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိသည့် ကာကွယ်ဆေးတစ်မျိုးကို သုတေသနပညာရှင်များက စမ်းသပ်နေကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

Down's Syndrome ရောဂါလူနာ သုံးပုံ နှစ်ပုံတို့မှာ အသက် ၆၀ မပြည့်မီ အယ်ဇိုင်းမားရောဂါဖြစ်ပွားတတ်ကြောင်း ဆွစ်ဇာလန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် လက်ရှိအချိန်တွင် ဆွစ်ဇာလန်သုတေသနပညာရှင်များသည် Down's Syndrome ရောဂါလူနာများ၌ အယ်ဇိုင်းမားရောဂါကို ကာကွယ်ပေးနိုင်ဖွယ်ရှိသည့် ကာကွယ်ဆေးတစ်မျိုးကို စတင်စမ်းသပ်လျက်ရှိသည်။

ACI- 24060 အမည်ရှိ အဆိုပါကာကွယ်ဆေးသည် Down's Syndrome လူနာများအတွက် အသုံးပြုရာတွင် ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် ACI- 24060 ကာကွယ်ဆေးကို ပဏာမအဆင့် စမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ပြီး အောင်မြင်ခဲ့ပါက လက်တွေ့စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ထပ်မံလုပ်ဆောင်၍ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုတို့ကို အတည်ပြုရန် ကြိုးစားမည်ဖြစ်ကြောင်း ဆွစ်ဇာလန် သုတေသနပညာရှင်များက ပြောကြားသည်။

ACI- 24060 အယ်ဇိုင်းမားရောဂါကာကွယ်ဆေးကို ဆွစ်ဇာလန်အခြေစိုက် AC Immune ဆေးကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

KKO

## Space-X အာကာသနည်းပညာကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများမှ လျှပ်စစ်သံလိုက်ဖြာထွက်ရောင်ခြည်များ ထုတ်လွှတ်နေ

ဘာလင် ဇူလိုင် ၁၂

Space-X အာကာသနည်းပညာကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများမှ လျှပ်စစ်သံလိုက်ဖြာထွက်ရောင်ခြည်များ ထုတ်လွှတ်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျာမနီနိုင်ငံ မက်စ်ပလန့်ခ်အင်စတီကျုမှ သိပ္ပံပညာရှင်များသည် နယ်သာလန်အခြေစိုက် ရေဒီယိုတယ်လီစကုပ်တစ်ခုကို အသုံးပြု၍ Space-X ၏ စတားလင့်ခ်ဂြိုဟ်တု ၆၈ စင်းကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ၎င်းဂြိုဟ်တုများအနက် ၄၇ စင်းတို့သည် လျှပ်စစ်သံလိုက်ဖြာထွက်ရောင်ခြည်များ ထုတ်လွှတ်နေသည်ကို တွေ့ရကြောင်း ဂျာမနီသိပ္ပံပညာရှင်များက ပြောကြားသည်။

စတားလင့်ခ်ဂြိုဟ်တုများမှ ထုတ်လွှတ်နေသော လျှပ်စစ်သံလိုက်ဖြာထွက်ရောင်ခြည်မှာ လွန်စွာနည်းပါးသော်လည်း နက္ခတ်တာရာလေ့လာရေးလုပ်ငန်းများကို အနှောင့်အယှက်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



Space-X ၏ စတားလင့်ခ်ဂြိုဟ်တုများက ထုတ်လွှင့်နေသည့် လျှပ်စစ်သံလိုက်ဖြာထွက်ရောင်ခြည်များမှာ စမတ်ဖုန်းတစ်လုံးမှ ထုတ်လွှတ်သည့်ပမာဏ၏ အပုံတစ်သန်းပုံ တစ်ပုံလောက်သာရှိသော်လည်း အခြားအာကာသဒြပ်ထည်များမှ ထုတ်လွှတ်နေသော အချက်ပြလှိုင်းများအဖြစ် ထင်မှတ်မှားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Space-X ကုမ္ပဏီ၏ ဂြိုဟ်တုများကဲ့သို့ပင် ကမ္ဘာပတ်လမ်းပေါ်ရှိ အခြားဂြိုဟ်တုများသည်လည်း လျှပ်စစ်သံလိုက်ရောင်ခြည်များ ထုတ်လွှတ်နေကြဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## Endometriosis မကုသသည့် အမျိုးသမီးများ မျိုးဆက်ပွားမှုထိခိုက်နိုင်

ဟယ်ဆင်ကီး ဇူလိုင် ၁၂

သားအိမ်ပြင်ပတစ်ရှူးများ ပုံမှန်ထက်ကြီးထွားမှုပြဿနာ (Endometriosis) ကို ဆေးဝါးကုသခြင်းမရှိသည့် အမျိုးသမီးများ၌ မျိုးဆက်ပွားစွမ်းဆောင်ရည် ထိခိုက်ပျက်စီးနိုင်ခြေ ပုံမှန်ထက်မြင့်မားကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Endometriosis ရောဂါရှိသူ အမျိုးသမီးများအနေဖြင့် မျိုးဆက်ပွားနိုင်စွမ်းကို ကာကွယ်ရေးအတွက် ထိထိရောက်ရောက်ဆေးဝါးကုသမှု ခံယူသင့်ကြောင်း ဖင်လန်နိုင်ငံ ဟယ်ဆင်ကီးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဖင်လန်သုတေသနပညာရှင်များသည် Endometriosis ရောဂါနှင့် မျိုးဆက်ပွားကျန်းမာရေးတို့ကြား ဆက်စပ်မှုရှိ၊ မရှိ နားလည်ရေးအတွက် အသက် ၁၅ နှစ်နှင့် ၄၉ နှစ်ကြား အမျိုးသမီး ၁၈၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ Endometriosis ပြဿနာရှိနေသူ အမျိုးသမီးများ၏ ကလေးမွေးဖွားမှုနှုန်းသည် အထက်ပါပြဿနာမရှိသူများ ကလေးဖွားမြင်နှုန်း၏ ထက်ဝက်သာရှိကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်သည်ကိုတွေ့ရှိနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

KKO



## အင်္ဂါဂြိုဟ်ပေါ်ရှိ သဲခုံတန်းများသည် လေစီးကြောင်းများရုတ်တရက်ပြောင်းလဲမှုကြောင့် ပေါ်ထွက်လာရခြင်းဖြစ်နိုင်

ပေကျင်း ဇူလိုင် ၁၂

အင်္ဂါဂြိုဟ်ပေါ်ရှိ သဲခုံတန်းများသည် လေစီးကြောင်းများ ရုတ်တရက် ပြောင်းလဲမှုကြောင့် ပေါ်ထွက်လာရခြင်းဖြစ်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်မှ ရရှိသော သတင်းအချက်အလက်များအရ အင်္ဂါဂြိုဟ်ရေခဲခေတ်ကုန်ဆုံးပြီး ချိန်လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀၀၀ က အင်္ဂါဂြိုဟ်လေစီးကြောင်းများ မမျှော်လင့်ဘဲ ပြောင်းလဲခဲ့သည်ကို တွေ့ရကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကျူရောင်း အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ယူတိုပီးယားဥက္ကာချိုင့်ဝှမ်းလွင်ပြင်ဒေသရှိ သဲသောင်ခုံများ၏သဘာဝကို လေ့လာစူးစမ်းခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အင်္ဂါဂြိုဟ်၏ နောက်ဆုံးရေခဲခေတ်ကုန်ဆုံးချိန်တွင် အင်္ဂါဂြိုဟ်ပေါ်၌ ရာသီဥတု ရုတ်တရက်ပြောင်းလဲခဲ့ရာ အကျိုးဆက်အဖြစ် လေစီးကြောင်းများ ရုတ်တရက်ပြောင်းလဲခဲ့ရပြီး ယူတိုပီးယားဥက္ကာချိုင့်ဝှမ်းလွင်ပြင်၌ သဲခုံတန်းများ ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ယူတိုပီးယားဥက္ကာချိုင့်ဝှမ်းနယ်မြေသည် နေအဖွဲ့အစည်းအတွင်း၌ အကြီးမားဆုံးဥက္ကာချိုင့်ဝှမ်းနယ်မြေဖြစ်ပြီး အချင်းမိုင် ၂၀၀၀ ကျော်ရှိသည်။

ရာသီဥတုပြောင်းလဲမှုအကျိုးဆက်အဖြစ် အင်္ဂါဂြိုဟ်လေစီးကြောင်းများမှာ အရှေ့မြောက်ဘက်မှ အနောက်မြောက်ဘက်သို့ ၇၀ ဒီဂရီထိ လမ်းကြောင်းပြောင်းသွားကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# UFC ဟဲဗီးဝိတ်တန်းချန်ပီယံ ဖရန်စစ်အင်ဂါနူနှင့် ထိုးသတ်မည့် တိုင်ဆန်ဖျူရီကို အန်တိုနီဂျိုရှွာ ဝေဖန်ပြောကြား



**ရိုယာ့ဒ် ဇူလိုင် ၁၂**

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီသည် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ကင်မရွန်းကစားသမား ဖရန်စစ်အင်ဂါနူနှင့် အောက်တိုဘာ ၂၈ ရက်၌ ဆော်ဒီအာရေဗျနိုင်ငံတွင် ထိုးသတ်သွားမည်ဖြစ်ပြီး တိုင်ဆန်ဖျူရီသည် လက်ဝှေ့လောက၌ UFC ကစားသမားနှင့် ထိုးသတ်သွားမည့်အရေးနှင့်ပတ်သက်ပြီး အန်တိုနီဂျိုရှွာက အဓိပ္ပာယ်မရှိသည့် လုပ်ရပ်အဖြစ် ဝေဖန်ပြောကြားခဲ့ကြောင်း Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖျူရီနှင့် ဖရန်စစ်အင်ဂါနူတို့စိန်ခေါ်ပွဲသည် လက်ဝှေ့စည်းမျဉ်း ဥပဒေများအတိုင်း ထိုးသတ်မည်ဖြစ်ပြီး တိုင်ဆန်ဖျူရီသည် လက်ရှိချန်ပီယံဆုကို ကာကွယ်မည်မဟုတ်သည့်အတွက် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံအဖြစ် ဆက်လက်ရပ်တည်ခွင့်ရရှိမည်ဖြစ်ကာ စိန်ခေါ်ပွဲနှင့်ပတ်သက်၍ နှစ်ဖက်အသင်းမှသဘောတူထားသည့် စည်းမျဉ်းဥပဒေများအတိုင်း ထိုးသတ်သွားမည်ဖြစ်ပြီး အမှတ်ပေးဒိုင်သုံးဦးနှင့် ရမှတ်ကိုလည်း ၁၀ မှတ်စနစ်ဖြင့် ကျင့်သုံးသွားမည်ဖြစ်သကဲ့သို့ တစ်ချီသုံးမိနစ်နှုန်းဖြင့် စိန်ခေါ်ပွဲ ၁၀ ချီသာ ထိုးသတ်မည်ဖြစ်သည်။

သို့သော် နှစ်ဖက်ကစားသမားများကြား စိန်ခေါ်ပွဲရလဒ်နှင့်ပတ်သက်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝ၏ မှတ်တမ်းတွင် ထည့်သွင်းသွားမည့် အရေးနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်မချရသေးကြောင်း နှစ်ဖက်အသင်းမှ ထုတ်ပြန်ခဲ့သည်။

တိုင်ဆန်ဖျူရီက "စိတ်လှုပ်ရှားဖို့ကောင်းတဲ့ စိန်ခေါ်ပွဲပါ။ ပွဲစခေါင်းလောင်းတီးသံကြားတာနဲ့ ကြိုးဝိုင်းထဲမှာ ဗုံးနှစ်လုံးပေါက်ကွဲသလို မြင်တွေ့ရလိမ့်မယ်။ ဖရန်စစ်က လက်သီးထိုးချက်အပြင်းဆုံး ကစားသမား တစ်ယောက်အဖြစ် အသိအမှတ်ပြုခံထားရတဲ့ ဖိုက်တာတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်ဆန်ဖျူရီဆိုတဲ့ Big GK (Gypsy King)ရဲ့ထိုးချက်ကိုခံစားရတဲ့အချိန် ဘယ်လိုဖြစ်သွားမလဲဆိုတာကိုသိချင်မိတယ်။ ကြိုးဝိုင်းထဲ အမြန်ဝင်ဖို့ မစောင့်နိုင်အောင်ဖြစ်နေပါတယ်"ဟု ပြောကြားခဲ့သည်။

အန်တိုနီဂျိုရှွာက "အဓိပ္ပာယ်မရှိတဲ့စိန်ခေါ်ပွဲကြီးပါ။ တောင်းပန်ပါတယ်။ သေချာပြန်စဉ်းစားကြည့်တော့ သူတို့ကိစ္စပဲဖြစ်ပါတယ်။ ကျွန်တော့်ကိစ္စမဟုတ်ပါဘူး။အခုလို ဝင်ပြောလိုက်လို့လဲ ကျွန်တော်ဘာမှရသွားတာမဟုတ်တဲ့အတွက် သူများကိစ္စတွေကို သွားမဝေဖန်သင့်ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ချဲလ်ဆီးအသင်းက ချာကီကို ယူရို သန်း ၄၀ ဖြင့် ခေါ်ယူရန်ကမ်းလှမ်း

**လန်ဒန် ဇူလိုင် ၁၂**

ချဲလ်ဆီးအသင်းသည် အသင်းမှထွက်ခွာမည့် ကွင်းလယ်တိုက်စစ်ကစားသမား ပူလီဆစ်၏နေရာတွင် အစားထိုးရန် လိုင်ယွန်အသင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား ချာကီကို ပြောင်းရွှေ့ကြေးယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပူလီဆစ်သည် အေစီမီလန်အသင်းသို့ပြောင်းရွှေ့ရန် ဆေးစစ်မှုခံယူနေပြီး ဆေးစစ်မှုအောင်မြင်ပါက တရားဝင်ပြောင်းရွှေ့မည်ဖြစ်သောကြောင့် နည်းပြပိုချက်တီနိုက ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီက လိုင်ယွန်အသင်း တိုက်စစ်ပိုင်းကို အကောင်းဆုံး ပံ့ပိုးပေးနိုင်ခဲ့သည့် လူငယ်ကစားသမား ချာကီနှင့် အစားထိုးရန်ဆုံးဖြတ်ခဲ့ပြီး ကမ်းလှမ်းမှုစတင်ပြုလုပ်မည်ဖြစ်သည်။

အသက် ၁၉ နှစ်ရှိ ချာကီသည် လိုင်ယွန်အသင်းနှင့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းသည် ၁၅ နှစ်ကတည်းက လီဂူးဝမ်းပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ကာ အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့် ဥရောပအသင်းကြီးများ၏ စိတ်ဝင်စားမှုကို ခံခဲ့ရပြီး ဘဏ္ဍာရေးအကျပ်အတည်းနှင့်ကြုံတွေ့နေရသည့် လိုင်ယွန်အသင်းက ချာကီကို ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက ရောင်းချရန်စီစဉ်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပူလီဆစ်၏နေရာတွင် အစားထိုးရန်အတွက် ချာကီကို ယူရို သန်း ၄၀ ခန့်ဖြင့် ခေါ်ယူရန် ဦးစားပေးပစ်မှတ်ထား၍ ကြိုးပမ်းနေသော်လည်း မောင့်ပယ်လီယာအသင်း တိုက်စစ်မှူး ဝါဟီကိုလည်း ခေါ်ယူရန်စီစဉ်နေပြီး ချာကီကို ခေါ်ယူနိုင်ခြင်းမရှိပါက တိုက်စစ်မှူး ဝါဟီကို ထပ်မံကမ်းလှမ်းမည်ဖြစ်ကြောင်း သိရသည်။ ML



# မန်စီးတီးအသင်းက မန်ယူလူငယ်ကစားသမား ဟာရစ်ဆင်ပါကားကို ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုနိုင်ရန် ကြိုးပမ်း

**မန်ချက်စတာ ဇူလိုင် ၁၂**

မန်စီးတီးအသင်းသည် အသက် ၁၆ နှစ်ရှိ မန်ယူအသင်းလူငယ်ကစားသမား ဟာရစ်ဆင်ပါကားကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုနိုင်ရန်ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိရန်နီးစပ်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဟာရစ်ဆင်ပါကားကို မန်ယူအသင်းကလည်း လုပ်ခလစာတိုးမြှင့်၍ ကာလရှည်စာချုပ်ချုပ်ဆိုရန် ဆွေးနွေးနေသော်လည်း ကစားသမားကငြင်းဆိုထားသဖြင့် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းက လူငယ်ကစားသမား၏ စွမ်းဆောင်ရည်ကို နှစ်သက်သောကြောင့် မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သည်။

ဟာရစ်ဆင်ပါကားသည် ၂၀၂၀ ခုနှစ်က အာဆင်နယ်လူငယ်အကယ်ဒမီယူ-၁၈အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် မန်ယူလူငယ်အသင်း၌ခြေစွမ်းပြသနေသောကြောင့် ယခုအခါ မန်စီးတီးအသင်း၏ မြင့်မားသည့် လုပ်ခလစာဖြင့် ကမ်းလှမ်းမှုကိုခံခဲ့ရသဖြင့် ၎င်းအနေဖြင့် ပြောင်းရွှေ့ခဲ့ပါက ပရီးမီးယားလိဂ်ထိပ်သီးကလပ်အသင်း သုံးသင်း၌ကစားခဲ့ဖူးသည့် လူငယ်ကစားသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ချန်ပီယံ မန်စီးတီးအသင်းသည် အနာဂတ်စီမံကိန်းအတွက် လူငယ်ကစားသမား အမြောက်အမြားကို ခေါ်ယူလျက်ရှိပြီး မန်ယူအသင်းမှ လူငယ်ခံစစ်ကစားသမား ဟာရစ်ဆင်ပါကားအပြင် အခြားကလပ်အသင်း လေးသင်းမှ လူငယ်ကစားသမားများကိုလည်း ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက ရောင်းချမည့် ကွင်းလယ်ကစားသမား ဖရန့်ကက်ဆီကို ဂျူဗင်တပ်အသင်းက ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- တိုက်စစ်မှူး အမ်ဘက်ပီ၏ လက်ရှိပြောင်းရွှေ့ကြေးမှာ ယူရိုသန်း ၅၅၀ထိရှိသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက လာမည့်နှစ်စာချုပ်သက်တမ်းကုန်ဆုံးချိန်မှသာ ခေါ်ယူရန် စောင့်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဂျီရိုနာ ကွင်းလယ်ကစားသမား ရှိမီယူကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- သမိုင်းတစ်လျှောက် ပြောင်းရွှေ့ကြေးအများဆုံးစပိန်ကစားသမားစာရင်းတွင် ချဲလ်ဆီးအသင်းဂိုးသမား ကီပါက ယူရိုသန်း ၈၀ဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေကြောင်း သိရသည်။
- နွေရာသီအပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ မန်စီးတီးအသင်းမှ ကန်ဆယ်လို ဝေါ်လ်ကာ၊ လာပေါ်တီ၊ ကယ်ဗင်ဖီးလစ်၊ ဘာနာဒိုဆေးဗားနှင့် မာရက်ဇ်တို့ထွက်ခွာနိုင်ကြောင်း သတင်းထွက်ပေါ်လျက်ရှိနေသည်။ ML

# အေတီကိုနည်းပြ ဆီမြွန်နီက ပီအက်စ်ဂျီအသင်းမှဗာရက်တီကိုခေါ်ယူရန် ပစ်မှတ်ထားနေ

**မက်ဒရစ် ဇူလိုင် ၁၂**

အေတီကိုအသင်း နည်းပြ ဆီမြွန်နီက ကွင်းလယ်ပိုင်းဖြည့်တင်းရန် ပီအက်စ်ဂျီအသင်းကွင်းလယ်ကစားသမား ဗာရက်တီကို ခေါ်ယူရန်ပစ်မှတ်ထားနေပြီး နွေရာသီ ဦးစားပေးကစားသမားခေါ်ယူမည့်စာရင်းတွင် ထည့်သွင်းခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီ အသင်းသည် ဗာရက်တီနှင့် ၂၀၂၆ ခုနှစ်ထိစာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း ကစားသမားအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးခဲ့ကာ အရန်ကစားသမားအဖြစ်သာပါဝင်ခဲ့ရပြီး အသင်းနှင့် အဆင်မပြေမှုများရှိလာသောကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆန္ဒရှိနေသည့်အတွက် အေတီကိုအသင်း နည်းပြဆီမြွန်နီက ၎င်းကို ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြဆီမြွန်နီသည် ဗာရက်တီ၏ ကွင်းလယ်ပိုင်းအတွေ့အကြုံနှင့် စွမ်းဆောင်ရည်ကို သဘောကျနေသည့်အပြင် ၎င်း၏ကစားကွက်နှင့် အံဝင်မှုရှိသောကြောင့် ကွင်းလယ်ကစားသမား ကိုကီ၊ ရိုဒရီဒီပေါလ်တို့နှင့် တွဲဖက်ကစားနိုင်ရန်အတွက် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူနိုင်ရေးအတွက် ပီအက်စ်ဂျီအသင်းနှင့် ဆွေးနွေးမှုပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

ပီအက်စ်ဂျီအသင်း၏ ဒုတိယပွဲအများဆုံးကစားခဲ့သည့် ဗာရက်တီသည် အသင်းတွင် ကစားခဲ့သည့် ၁၁ နှစ်ကျော်ကာလတွင် ပြိုင်ပွဲစုံ ၄၁၆ ပွဲကစားခဲ့ရာ ၁၁ ဂိုးသွင်းယူ၍ ကွင်းလယ်ပိုင်းကို အကောင်းဆုံး ဦးဆောင်နိုင်ခဲ့ပြီး အသင်းနှင့်အတူ ပြည်တွင်းဆုဖလားအားလုံးဆွတ်ခူးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဂယ်တီယာလက်အောက်တွင် ပွဲကစားခွင့်နည်းပါးခဲ့သကဲ့သို့ အသင်းတာဝန်ရှိသူများနှင့်လည်း ဆက်ဆံရေးအဆင်မပြေမှုများရှိလာသောကြောင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ ML



# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က မူဆာ၏အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး အယ်နာဆာအသင်းကို ကစားသမားခေါ်ယူမှုပိတ်ပင်သည့်ပြစ်ဒဏ်ချမှတ်



**ရီယာ့ဒ် ဇူလိုင် ၁၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က မူဆာ၏ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး ပြောင်းရွှေ့ကြေးအပြည့်အဝမပေးသည့်အတွက် အယ်နာဆာအသင်းကို ကစားသမားခေါ်ယူမှုပိတ်ပင်သည့်ပြစ်ဒဏ် ချမှတ်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်နာဆာအသင်းသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က လက်စတာအသင်းမှ ကွင်းလယ်ကစားသမား မူဆာကို စတာလင်ပေါင် ၁၄ သန်းဖြင့် ခေါ်ယူခဲ့ပြီး ကစားသမား၏ စွမ်းဆောင်ရည်ပိုင်းနှင့်ပတ်သက်ပြီး အပိုဆုကြေး စတာလင်ပေါင် ၃၉၀၀၀၀ ပေးချေမည်သဘောတူညီချက်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

သို့သော် အယ်နာဆာအသင်းသည် လက်စတာအသင်းကို စတာလင်ပေါင် ၁၄ သန်းသာ ပေးချေခဲ့ပြီး အပိုဆုကြေး စတာလင်ပေါင် ၃၉၀၀၀၀ ကိုပေးချေခဲ့ခြင်းမရှိသည့်အတွက် လက်စတာအသင်းက ကျေနပ်မှုမရှိသောကြောင့် အငြင်းပွားမှုများဖြစ်ပွားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အားကစားအယူခံတရားရုံး (CAS)ထံ ရောက်ရှိခဲ့ပြီးနောက် တရားရင်ဆိုင်ခဲ့ရာတွင် လက်စတာအသင်းက အနိုင်ရရှိခဲ့သည်။

သို့သော် အယ်နာဆာအသင်းက တရားရင်ဆိုင်ရာတွင် ရှုံးနိမ့်ခဲ့သော်လည်း အပိုဆုကြေးကို ပေးချေရန် ငြင်းဆန်ခဲ့သည့်အတွက် လက်စတာအသင်းက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ တိုင်ကြားမှုပြုလုပ်ရာ၌ ဖီဖာက အယ်နာဆာအသင်းကို လက်စတာအသင်းထံ အပိုဆုကြေးငွေမပေးချေပါက ကစားသမားခေါ်ယူခွင့်ပြုမည်မဟုတ်ဟု ပြစ်ဒဏ်ချမှတ်ခဲ့ပြီး လက်စတာအသင်းထံ အပိုဆုကြေးငွေပေးချေမှသာလျှင် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိမည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ်နှင့် ဂျန်နစ်ဆင်နာတို့ တက်ရောက်

**လန်ဒန် ဇူလိုင် ၁၂**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပနေသည့် ဝင်ဘယ်ဒန် အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များတွင် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အီတလီတင်းနစ်ကစားသမားဂျန်နစ်ဆင်နာတို့နိုင်ပွဲကိုယ်စီရရှိပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် ဂျိုကိုဗစ်သည် ရုရှားတင်းနစ်ကစားသမား ရူဘလက်ဗ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျိုကိုဗစ်က (၄-၆၊ ၆-၁၊ ၆-၄၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ဂျန်နစ်ဆင်နာက ရုရှားတင်းနစ်ကစားသမား ရှီမန်ဆာဖူလင်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ဆင်နာ(၆-၄၊ ၃-၆၊ ၆-၂၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ဂျိုကိုဗစ်သည် ပိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ရူဘလက်ဗ်နှင့် ပွဲစဉ်တွင် ပွဲအစပိုင်းအထနှေးနေခဲ့ကာ ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ပွဲငယ်သုံးပွဲဆက်တိုက် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ဂျန်နစ်ဆင်နာနှင့် ကစားသွားရမည်ဖြစ်သည်။

ရှီမန်ဆာဖူလင်ကို အနိုင်ရရှိခဲ့သည့် ဂျန်နစ်ဆင်နာသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

AZL



# အင်္ဂလန်အသင်းနှင့် ယူကရိန်းအသင်းတို့ကစားမည့် ယူရို ၂၀၂၄ပြိုင်ပွဲ ခြေစစ်ပွဲကို ပိုလန်နိုင်ငံတွင်ကျင်းပသွားမည်

**ဝါဆော ဇူလိုင် ၁၂**

ယူရို ၂၀၂၄ ပြိုင်ပွဲခြေစစ်ပွဲအဖြစ် ကစားမည့် ယူကရိန်းအသင်းနှင့် အင်္ဂလန်အသင်းတို့ကစားမည့်ပွဲစဉ်ကို ယူကရိန်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကြောင့်အိမ်နီးချင်းနိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲခြေစစ်ပွဲ အဆင့်၌ အုပ်စု(C)တွင် အင်္ဂလန်အသင်းနှင့် ယူကရိန်းအသင်းတို့ တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စု ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၉ ရက်တွင် ယူကရိန်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်သော်လည်း နိုင်ငံရေးအခြေအနေကြောင့် ပိုလန်နိုင်ငံ၌သာကျင်းပရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ယူကရိန်းအသင်းနှင့် အင်္ဂလန်အသင်းတို့ ကစားမည့်ပွဲစဉ်ကို ပိုလန်နိုင်ငံ ဝါဆောမြို့ရှိ ပရိသတ်ဦးရေ ၅၅၀၀၀ ဝင်ဆံ့နိုင်သည့် Tarczynski Arena အားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ယူကရိန်းနိုင်ငံသည် နိုင်ငံရေးအခြေအနေများကြောင့် အစောပိုင်းက ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲ အိမ်ရှင်အဖြစ်ကစားရမည့်ပွဲစဉ်များကို ပိုလန်နိုင်ငံနှင့်ဆလိုဗက်ကီးယားနိုင်ငံတို့တွင်ကစားခဲ့ရသည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(C) ပထမအကျော့ပွဲစဉ်တွင် အင်္ဂလန်အသင်းက ယူကရိန်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး အင်္ဂလန်အသင်းသည် အုပ်စုလေးပွဲကစားပြီးချိန်၌ လေးပွဲစလုံးအနိုင်ရရှိထားပြီး ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နေပြီး ယူကရိန်းအသင်းက သုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

# British Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးငွေတိုးမြှင့်သတ်မှတ်

**အီဒင်ဘာ့ဂ် ဇူလိုင် ၁၂**

စကော့တလန်နိုင်ငံ စိန့်အန်ဒရူးတွင်ကျင်းပမည့် British Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဆုကြေးငွေတိုးမြှင့်ပေးမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်ဟု The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

British Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယခင်က ဆုကြေးအမေရိကန်ဒေါ်လာ ၁၄ သန်းသတ်မှတ်ခဲ့သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်းထိတိုးမြှင့်ပေးမည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

ဆုကြေးငွေတိုးမြှင့်မည်ဖြစ်သည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်သူအနေဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းရရှိမည်ဖြစ်ပြီး LIV Golf အဖွဲ့ချုပ်ကကျင်းပသည့်ပြိုင်ပွဲများတွင် ရရှိသည့် ဆုကြေးငွေများကို ရင်ဘောင်တန်းနိုင်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် British Openဂေါက်သီးရိုက်ပြိုင်ပွဲ၌ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၄ သန်းသာ သတ်မှတ်ထားသည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ကင်မရွန်းစမစ်သည် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းသာရရှိခဲ့သည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီ၌ အဓိကပြိုင်ပွဲကြီးများတွင် ဆုကြေးငွေ အသီးသီးတိုးမြှင့်ခဲ့ကြပြီး US Open ပြိုင်ပွဲတွင် ဆုကြေးငွေကို အမေရိကန်ဒေါ်လာသန်း ၂၀ထိ တိုးမြှင့်ပေးခဲ့ပြီး The Masters ပြိုင်ပွဲ၌ အမေရိကန်ဒေါ်လာ ၁၈ သန်း၊ PGA Championship ပြိုင်ပွဲ၌ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ သန်းတိုးမြှင့်ခဲ့သည်။

PGA Tour နှင့် European Tour တို့၏ ပြိုင်ပွဲများတွင် ဆုကြေးငွေ တိုးမြှင့်ပေးလိုက်သည့်အတွက် LIV Golf ၌ ယှဉ်ပြိုင်နေကြသည့် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားများ အနေဖြင့်လည်း PGA Tour နှင့် European Tour ပြိုင်ပွဲများကို ပြန်လည်စိတ်ဝင်စားလာကြောင်း သိရသည်။

AZL

# မက်ဆီ၏ ကစားသမားမိတ်ဆက်ပွဲအခမ်းအနားတွင် နာမည်ကြီးအဆိုတော် ရှာကီရာကိုဌားရမ်းထားကြောင်း အင်တာမီယာမီအသင်းထုတ်ပြန်

**မီယာမီ ဇူလိုင် ၁၂**

အင်တာမီယာမီ အသင်းက အသစ်ခေါ်ယူထားသည့် ထိပ်တန်းကစားသမား မက်ဆီ၏ မိတ်ဆက်ပွဲအခမ်းအနားကို ခမ်းနားစွာကျင်းပရန်စီစဉ်ထားပြီး မိတ်ဆက်ပွဲအခမ်းအနားတွင် ဖျော်ဖြေရန် ကမ္ဘာ့ထိပ်တန်း အဆိုတော်တစ်ဦးဖြစ်သည့် ရှာကီရာကိုလည်းဌားရမ်းထားသည်ဟု ထုတ်ပြန်ခဲ့ကြောင်း Onefootball သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



မန်ယူအသင်း ဂန္တဝင်ကစားသမားတစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်းပူးတွဲပိုင်ဆိုင်သည့် အင်တာမီယာမီအသင်းသည် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် မက်ဆီကို လုပ်ခလူရိုသန်း ၁၀၀ ဖြင့် နှစ်နှစ်ခွဲစာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာမီယာမီ အသင်းက မက်ဆီ၏ မိတ်ဆက်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး မိတ်ဆက်ပွဲအခမ်းအနားကို အသင်းအိမ်ကွင်းတွင် ကြီးကျယ်ခမ်းနားစွာကျင်းပရန်စီစဉ်ထားသည်။

မက်ဆီသည် အင်တာမီယာမီအသင်းတွင် နှစ်နှစ်ခွဲစာချုပ်အတွက် လုပ်ခလူရိုသန်း ၁၀၀ ရရှိမည့်အပြင် အသင်းဂျာစီရောင်းချမှုနှင့် ရုပ်သံထုတ်လွှင့်ခွင့်များမှလည်းရာခိုင်နှုန်းအလိုက်ရရှိမည့် သဘောတူညီချက်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အင်တာမီယာမီအသင်းက မက်ဆီ၏ မိတ်ဆက်ပွဲအခမ်းအနားအတွက် ရှာကီရာအပြင် ဘက်ဘန်နီ၊ မာလူမာအစရှိသည့် နာမည်ကြီးအဆိုတော်များကိုလည်း ငှားရမ်းထားပြီး အင်တာမီယာမီအသင်း ပရိသတ်များကလည်း မက်ဆီမိတ်ဆက်ပွဲအတွက် ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။

မက်ဆီအနေဖြင့် အင်တာမီယာမီအသင်းနှင့်အတူ ပထမဆုံးပွဲစဉ်အဖြစ် ဇူလိုင် ၂၁ ရက်၌ကစားမည့် လိဂ်ဖလားပွဲစဉ်ဖြစ်သည့် အင်တာမီယာမီအသင်းနှင့် ခရုဇ်ဇူးအသင်းတို့ ကစားမည့်ပွဲစဉ်တွင် စတင်ပါဝင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် တသသလွမ်း ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဇူလိုင် ၁၀ ရက်က စတင်ရိုက်ကူးလျက်ရှိ



**ရန်ကုန် ဇူလိုင် ၁၂**

Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်ပြီး Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် တသသလွမ်း ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဇူလိုင် ၁၀ ရက်က စတင်ရိုက်ကူးလျက်ရှိကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဖူးစုံက ပြောပြ၍ သိရသည်။

Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်သည့် တသသလွမ်း ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ပိုင်စိုးသူမောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဇီဇဝါက ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"တသသလွမ်းမှာ ပါဖြစ်တာက ဇာတ်ကားရိုက်ဖို့ လာကမ်းလှမ်းတော့ ဒါရိုက်တာ ဇီဇဝါနဲ့လဲ စကားပြောကြည့်တော့ ဒီဇာတ်လမ်းထဲမှာပါရမဲ့ အစ်မကာရိုက်တာလေးကို သဘောကျတယ်။ ဒါကြောင့် လက်ခံဖြစ်ခဲ့တာပါ။ ဒီထဲမှာတော့ ကင်ဆာအထူးကုဆရာဝန်မကြီးတစ်ယောက်နေရာကနေ ပါဝင်ရမှာပါ။ ဆရာဝန်ကာရိုက်တာက အရင်တုန်းကလဲ ရိုက်ခဲ့ဖူးတော့ ဒါရိုက်တာနဲ့ အဝတ်အစားပိုင်းတွေညှိတယ်။ ကြိုးစားပြီးတော့ အတတ်နိုင်ဆုံးပြင်ဆင်ပြီး ဒီဇာတ်ကားထဲမှာ သရုပ်ဆောင်ဖြစ်မှာပါ"ဟု သရုပ်ဆောင် ဖူးစုံက ပြောပြသည်။

တသသလွမ်း ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဇူလိုင် ၁၀ ရက်က စတင်ရိုက်ကူးနေပြီး သရုပ်ဆောင် အောင်မင်းခန့်၊ ဘုန်းမင်းနေလ၊ မေတိုးခိုင်၊ သီရိကျော်၊ မင်းဦး၊ ဖူးစုံ၊ ဟိန်းသံလွင်၊ နှင်းဝတ်ရည်ကျော် စသည့် အနုပညာရှင်များ ပါဝင်ကြောင်း သိရသည်။ ASH

# Lips Like Sugar ဇာတ်ကား၌ အိုဝင်ဝီဆင်နှင့် ဝူဒီဟာရဲဆင်တို့ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၂**

Lips Like Sugar အမည်ရှိ လျှို့ဝှက်သည်းဖိုမှုခင်းဒရာမာဇာတ်ကား၌ မင်းသား အိုဝင်ဝီဆင်နှင့် ဝူဒီဟာရဲဆင်တို့ ပါဝင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

Lips Like Sugar ဇာတ်ကားသည် ပျောက်ဆုံးနေသည့် မိန်းကလေးတစ်ဦးကို အချိန်မနှောင်းမီ ရှာဖွေရန် ကြိုးစားခဲ့ရသော အငြိမ်းစား ရဲစုံထောက်နှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၁၉၈၄ ခုနှစ် လော့စ်အိန်ဂျလိစ်မြို့တော်ကို နောက်ခံထားသည့် Lips Like Sugarဇာတ်ကားကို ဒါရိုက်တာ ဘရန်းတလေဂူတီဟာရက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အန်တိုနီတမ်ဘာကစ်က တာဝန်ယူရေးသားပေးထားသည်။

Lips Like Sugarဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

အဆိုပါဇာတ်ကားရုံတင်ပြသမည့်ရက်ကို လက်ရှိတွင် ထုတ်လုပ်သူများက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။ KKO



# တမ်းတ ပီယာနို ဂီတဂုဏ်ပြုရုပ်သံအစီအစဉ်ကို ဇူလိုင် ၁၅ ရက်တွင် Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဇူလိုင် ၁၂**

တမ်းတ ပီယာနို ဂီတဂုဏ်ပြုရုပ်သံအစီအစဉ်ကို ဇူလိုင် ၁၅ ရက်တွင် Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဂီတမှူး ကိုဇေယျာမင်းထံမှ သိရသည်။

Channel K ရုပ်သံလိုင်းက ထုတ်လွှင့်သွားမည့် တမ်းတ ပီယာနို ဂီတဂုဏ်ပြု ရုပ်သံအစီအစဉ်ကို အကယ်ဒမီ ဓိရာမိုရ်၏ ဂီတမြို့ ဂီတအဖွဲ့သားများနှင့် Café Pentagon တို့က ပူးပေါင်းတင်ဆက်နေခြင်းဖြစ်ပြီး ဇူလိုင် ၁၅ ရက်တွင် ထုတ်လွှင့်မည့် တမ်းတ ပီယာနို ဂီတဂုဏ်ပြုရုပ်သံအစီအစဉ်တွင် အမျိုးသားစာပေဆုရရှိထားသည့် စွယ်စုံရဂန္ထဝင်ဂီတအနုပညာရှင် စန္ဒရားလှထွတ်၏ ဂုဏ်ရည်မြင့်သော အနုပညာတန်ဖိုးများကို ဂုဏ်ပြုတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၁၅ ရက်နဲ့ ဇူလိုင် ၂၂ ရက်မှာ Channel K က ထုတ်လွှင့်သွားမဲ့ တမ်းတပီယာနို အစီအစဉ်မှာ ကနေ့မျက်မှောက်ခေတ်ကာလထိ ပရိသတ်တွေရဲ့နှလုံးသားထဲ စွဲထင်ကျန်ရစ်စေတဲ့သီချင်းတွေကိုဖန်တီးရေးသားခဲ့ပြီး မြန်မာ့ဂီတရေစီးကြောင်းစာအုပ်နဲ့ အမျိုးသားစာပေဆုရရှိထားတဲ့ စွယ်စုံရဂန္ထဝင်ဂီတအနုပညာရှင် စန္ဒရားလှထွတ်ရဲ့ ဂုဏ်ရည်မြင့်သော အနုပညာတန်ဖိုးတွေကို ဂုဏ်ပြုတင်ဆက်ပေးသွားမှာဖြစ်ပါတယ်။ ဆရာကြီး ဦးလှထွတ်ဟာ အတွေးရောလက်တွေ့ပါ အဆင့်အတန်းမြင့်မားသူ၊ အနုပညာရပ်တွေကို ကွဲကွဲပြားပြားနားလည်ထမ်းဆောင် အကျိုးပြုသူ၊ ကမ္ဘာ့အဆင့်မီတဲ့ ရှားပါးအနုပညာရှင်တစ်ယောက်ဖြစ်ပါတယ်။ ဒီအစီအစဉ်ကနေ ဂန္ထဝင်ဂီတပညာရှင်ကြီး စန္ဒရားလှထွတ်ရဲ့ သီချင်းတွေကို တမ်းတပီယာနိုဆိုတဲ့အတိုင်း ပြန်လည် တမ်းတနားဆင်ခံစားရနိုင်ဖို့ ထူးခြားစွာနဲ့ တင်ဆက်ပေးသွားမှာပါ"ဟု ဂီတမှူး ကိုဇေယျာမင်းက ပြောပြသည်။




အမျိုးသားစာပေဆု ရရှိထားသည့် စွယ်စုံရဂန္ထဝင်ဂီတအနုပညာရှင်ကြီး စန္ဒရားလှထွတ်သည် ရေဒီယို၊ ရုပ်ရှင်၊ ဇာတ်ပြားတေးသီချင်းပေါင်းမြောက်မြားစွာ ရေးဖွဲ့သီဆိုခဲ့သူဖြစ်ပြီး ဆရာကြီးရေးသားခဲ့သည့် ဂီတစာပေဆောင်းပါးများသည်လည်း ဂီတလောကအတွက် တန်ဖိုးဖြတ်မရသည့် စာစုများဖြစ်ကြောင်း သိရသည်။ ASH

# Rise of The Beasts ၏ကမ္ဘာတစ်ဝန်း ဝင်ငွေ ကန်ဒေါ်လာ သန်း ၄၀၀ ကျော်ရှိလာ

**နယူးယောက် ဇူလိုင် ၁၂**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Transformers: Rise of the Beasts ဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ဝင်ငွေသည် ဇူလိုင် ၉ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ထိ ရှိလာကြောင်း ScreenRant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

စတင်ရုံတင်ပြီး ပဉ္စမမြောက်သီတင်းပတ်ကုန်တွင် Rise of the Beasts ၏ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၄၆ သန်းနှင့် နိုင်ငံတကာဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၆၁ သန်းထိရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ Rise of the Beasts သည် ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ အထက်ရှိသည့် ဇာတ်ကားများစာရင်းတွင် ပါဝင်ခဲ့ရသည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် Transformers: Rise of the Beasts ဇာတ်ကားကို ဇွန် ၉ ရက်တွင် စတင်ရုံတင်ပြသခဲ့သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက တာဝန်ယူရိုက်ကူးပေးခဲ့ပြီး မင်းသား အန်တိုနီရာမို့နှင့် မင်းသမီး ဒေါမနစ်ဖစ်ဘက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO




# အဆိုတော် ရာဒုတ်၏ ဘဝစာမျက်နှာ တေးအယ်လ်ဘမ် အောက်တိုဘာလတွင် ထွက်ရှိနိုင်ရန် စီစဉ်နေ

**ရန်ကုန် ဇူလိုင် ၁၂**

အဆိုတော် ရာဒုတ်၏ ဘဝစာမျက်နှာ တေးအယ်လ်ဘမ်ကို အောက်တိုဘာလတွင် ထွက်ရှိနိုင်ရန်စီစဉ်နေကြောင်း ဘဝစာမျက်နှာများ တေးအယ်လ်ဘမ်ကို စီစဉ်နေသူ တေးရေး ကျော်စွာညွန့်က ပြောပြ၍ သိရသည်။

ဘဝစာမျက်နှာ တေးအယ်လ်ဘမ်တွင် တေးသီချင်း စုစုပေါင်း ၁၀ ပုဒ် ပါဝင်မည်ဖြစ်ကာ အဆိုတော် ရာဒုတ်နှင့် အဆိုတော် လားဒင့်ထားရီတို့၏ စုံတွဲသီချင်း တစ်ပုဒ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"အဆိုတော် ရာဒုတ်က လက်ရှိ ပြည်ပမှာ နေထိုင်အလုပ်လုပ်ကိုင်နေတဲ့အတွက် သူ့ကိုယ်စား ဒီစီးရီးကို ရန်ကုန်မှာ စီစဉ်နေတာဖြစ်ပါတယ်။ သူ ဟိုကနေပြီးတော့ အသံသွင်းထားတဲ့ ခွေကြမ်းတွေ ဒီကိုပို့တယ်။ ဒီမှာ အသံပိုင်းဆိုင်ရာတွေ အကုန်ပြီးစီးပါပြီ။ ကျန်တာတွေလဲ ပြီးပါပြီ။ ပြောရရင်တော့ ရွှေ့လထဲမှာ အခွေထွက်လို့ရတဲ့အနေအထားရှိပါတယ်။ အဆိုတော် ရာဒုတ်ကိုယ်တိုင် မြန်မာနိုင်ငံကို ခေတ္တပြန်လာနိုင်မဲ့ အောက်တိုဘာလလောက်ကို အခွေထွက်ဖို့ဖြစ်ပါတယ်"ဟု ဘဝစာမျက်နှာ တေးအယ်လ်ဘမ်ကို စီစဉ်သူ တေးရေး ကျော်စွာညွန့်က ပြောပြသည်။

အဆိုတော် ရာဒုတ်၏ ဘဝစာမျက်နှာ တေးအယ်လ်ဘမ်တွင်ပါဝင်သည့် တေးသီချင်းများကို တေးရေး ညီညီသွင်၊ ကောင်းဆက်၊ ကျော်စွာညွန့်၊ ဇဝါ၊ လူငြိမ်းခိုင်၊ ရာဒုတ်တို့က ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။ ASH

# Finished industrial goods pockets US$1,740.68 million in export from April to June 2023


A garment factory in operation.

**Nay Pyi Taw July 12**

Myanmar has earned US$1,740.68 million of foreign currency in export of finished industrial goods to foreign market from April to June of 2023-24 financial year, said deputy director Daw Cho Thet Mu of Trade Policy Branch of Trade Department under the Ministry of Commerce.

In this regard, State-owned industries secured $676.349 million and private sector, $1,064.331 million in export of finished industrial goods during the period.

"In the first quarter of the financial year, the sector earned $1,740.68 million. The finished industrial goods exportation emphasized SCM garment products," said U Nanda.

The export volume of CMP garment products stands the first position among other products of finished industrial goods sector of Myanmar, followed by sugar ornaments and natural gas. For the time being, the import volume of oil products secured the first position in the import sector, followed by textile and fibrics.

Myanmar exports agricultural produce, animal products, marine products, minerals, forest products, finished industrial goods and other goods while importing investment materials, industrial raw materials and personal goods. ASH

# French to get bonus to make do and mend clothes

**Paris July 12**

France is launching a bonus scheme to persuade consumers to repair their clothes and worn-out shoes rather than throwing them away and buying new ones.

From October, the bonus will come in the form of a discount worth between €6 (£5) and €25 (£21) per repair.

Bérangère Couillard, who is the junior ecology minister, complained that 700,000 tonnes of clothing ended up in landfill in France every year.

The government is to contribute €154m to fund the bonus over five years.

Ms Couillard urged "all sewing workshops and shoemakers to join the system", which will offer a rebate of €7 for a new heel and €10-€25 for new lining in a jacket, skirt or other garment. The aim is to support the repair sector and create new jobs.

She said the government was committed to tackling "fast fashion" and sought to encourage consumers to buy more "virtuous" products and repair them, rather than buying new items.

Refashion, a group which has been asked to set up the scheme, says 3.3 billion items of clothing, footwear and household textiles were put on the market last year in France.

But not everyone is impressed with the government's make do and mend approach.

BBC

# Two highway bus terminals manage running of express bus lines depending on passenger numbers

**Yangon July 12**

The Yangon Region Private Transport Committee (YRTC) stated that two highway bus terminals in Yangon Region manages running of express bus lines depending on passenger numbers despite rainy season.

Aungmingala highway bus terminal transports passengers to upper Myanmar regions and states whereas Dagon Ayeya highway bus terminal manages running of express buses to Ayeyawady Region.

Number of highway passengers and commodities dips in monsoon due to climatic conditions. Hence, two highway bus terminals gives transport services to some 20,000 passenger per day before 2023 Maha Thingyan festival but some 13,000 passenger per day in May.

In June, number of passengers reached 11,000 per day and July, 9,000 per day. At present, Aungmingala terminal transports some 8,000 passengers per day and Dagon Ayeya, some 1,000 per day.


A total of 238 highway bus lines are being operated at Aungmingala terminal to run 2,070 express buses and Dagon Ayeya terminal manages 209 express buses from 75 bus lines.

These bus lines urge passengers to follow health protocols of the Ministry of Health and restrict their buses not to sell tickets if the passengers cannot show citizenship scrutiny cards and not to collect excessive bus fares.

If passengers send complaints about bus lines at the office, the YRTC takes action against offenders immediately.

336

# US storms: Vermont assesses 'devastating' damage as floods recede


Some Vermont residents returned to their homes on Tuesday to survey the damage caused by the floods.

**Washington July 12**

Crews in Vermont are assessing the damage after a storm dumped up to two months of rain on the state in a matter of days, triggering dangerous flash floods that submerged homes.

The state's governor said there had been "historic and catastrophic" flooding. More than 100 rescues have taken place there since Sunday.

In the capital city, Montpelier, crews are planning to clear debris and inspect buildings later on Wednesday.

Businesses will also start to clean up.

People in Montpelier as well as nearby Berlin have been told to boil their water, amid concerns that the flooding may have contaminated drinking water.

The picture is similar elsewhere in the state, such as in the town of Ludlow, where the scale of the damage is only starting to become clear as the floodwater recedes.

"I talked to people today that said my house is gone," Ludlow Municipal Manager Brendan McNamara told the BBC's US partner CBS. "[We] sustained catastrophic damage. We just really took the brunt of the storm."

Andrew Molen, the co-owner of a restaurant in the town, told CBS the flooding there was "devastating" and his business was now a mess having been flooded.

BBC

# UMFCCI make negotiations to increase the export of industrial products, textiles and clothing items

**Yangon July 12**

Negotiations are being held to increase the export of industrial products, textiles and clothing items, according to reports of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) released on July 9.

At present, the Ministry of Commerce is consistently working to increase exports by assigning responsibilities to relevant departments and individual sectors.

According to these activities, meetings are being held to increase exports in the CMP sector, and efforts are being made to improve the CMP sector.

Therefore, the CMP sector has exported garments worth US$865.195 million from April 1 to June 23 in the 2023-2024 FY.

However, the export capacity is over US$61 million decreased in compare with the same period of 2022-2023 FY.

Therefore, in the remaining period of the current fiscal year, negotiations are being conducted with entrepreneurs and associations to increase exports of industrial products, textiles, and clothing items. 336

# Private sector manages more than US$5,500 million worth of trade volume rather than government sector in Q1


Yangon International Port handling cargo containers.

**Nay Pyi Taw July 12**

The private sector handled trade volume worth more than US$5.5 billion rather than the government sector in the first quarter of the 2023-24 financial year, according to the Ministry of Commerce.

During the period from 1 April to June in the 2023-24 financial year, export sector bagged US$3,326.81 million and the import sector, US$4,668.90 million, totally amounting to US$7,995.71 million.

In this regard, the private sector pocketed US$2,425.58 million in the export sector and the government sector, US$901.227 million.

In the import sector, the private sector secured US$4,355.30 million and the government sectpr, US$313.60 million.

During the first quarter of the financial year, the private sector swept US$5,566.061 million worth of trade volume more than the government sector.

In Q1, Myanmar exported agricultural produce, animal products, marine products, minerals, forest products, finished industrial goods and other goods whereas imported invest materials, industrial raw materials, personal goods and CMP raw materials. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# US$865.195 million earned from exporting CMP garments from April to June this fiscal

**Nay Pyi Taw July 12**

Myanmar earned US$865.195 million from exporting CMP garments from April to June in the current fiscal year 2023-2024, said U Myint Thura, director general of the Trade Department under the Ministry of Commerce.

China is the largest investor in Myanmar's garment industry and other countries such as Taiwan, Thailand, Korea and Japan are also investing in CMP garment factories across the country. Those CMP garments go to Thailand, China, Singapore and European countries.

"From April to March in the 2022-2023 FY, we earned US$1,551 million. Now from April to June this fiscal year, we earned US$865.185 million. In comparison with the same period of last fiscal, this year saw a decrease of over US$61 million. Therefore, we are cooperating with entrepreneurs and related organizations to improve exports," U Myint Thura said.

Most CMP garment factories are centered in Yangon Region with 505 garment factories, 48 shoe making businesses, eight fake hair factories and 177 others such as making bags, sports uniforms and socks.

ASH


The worksite of a garment factory.

# Border trade camps earn more than US$300 million of trade surplus within three months

**Nay Pyi Taw July 12**

The Ministry of Commerce stated that Myanmar's border trade camps has so far earned more than US$300 million as trade surplus in conducting the border trade measures within three months from April to June of the 2023-24 financial year.

Currently, Myanmar functions border trade measures with neighbouring countries. In this regard, border trade camps are opened to do trade with China in Muse, Lweje, Chinshwehaw, Kanpaiti and Kengtung, with Thailand in Tachilek, Myawady, Kawthoung, Myeik, Htikhee, Mawtaung and Meisei, with Bangladesh in Sittway and Maungtaw, with India in Tamu and Reed and with Laos in Kengluk.

Except Meisei, Reed and Kengluk border trade camps, remaining camps are being operated in 2023-24 financial year.

During the three-month period from April to June this financial year, these border trade camps earned US$2,241.446 million in trade volume.

In this regard, export volume secured US$1,270.93 million and import, US$970.516 million, with $300,414 million trade surplus.

The border trade camps at Myanmar-China border pocketed US$55.959 million of earnings in export and $437.891 million of import.

These camps along Myanmar-Thailand border bagged US$708.706 million from export and $531.577 million from import goods, with US$177.129 million of trade surplus.

Meanwhile, border camps at Myanmar-Bangladesh border arranged US$2.6 million worth of export and US$0.8 million worth of import ones with $1.8 million worth of trade surplus.

Moreover, border camps along Myanmar-India border handled US$1.665 million worth of export and $0.32 million worth of import with US$1.345 million worth of trade surplus. 336

# Kanpaikti border trade camp achieves 45% of its trade volume target and a trade surplus in June

**Kanpaikti July 12**

Kanpaikti border trade camp was able to achieve forty-five percent of its trade volume target and achieve a trade surplus in June, according to reports from the Ministry of Commerce.

In order to carry out border trade with China, the Muse border trade zone and border trade camps such as Chinshwehaw, Lwejel, Kengtong, and Kanpaikti have been opened in the Myanmar-China border areas.

Among the five Myanmar-China border trading camps, the Kanpaikti border trading camp is the third largest trading camp, and it is also a border trading camp that can generate trade surplus.

Kanpaikti border trade camp targeted to achieve the export value of US$16 million and the import value of US$1.3 million, totaling US$17.3 million in June in 2023-2024 FY.

It achieved US$5.596 million in export and US$2.154 million in import, earning the trade surplus of US$3.442 million.

At present, there is no landslide and roadblock in the Kanpaikti-Waimaw-Myitkyina trade route and transaction is normal. 336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရန်အကူအညီဖြင့်တည်ဆောက်ထားသော ရုရှားဒရုန်းထုတ်လုပ်ရေးစက်ရုံသစ် ဖွင့်လှစ်



ရုရှားနိုင်ငံ ယူကရိန်းအထူးစစ်ဆင်ရေး ဆင်နွှဲနေမှုအပေါ် အထောက်အပံ့ဖြစ်စေရန်အတွက် အီရန်နိုင်ငံနှင့် ပူးပေါင်းတည်ဆောက်ထားသော ရုရှားဒရုန်းထုတ်လုပ်ရေးစက်ရုံသစ်ကို စတင်ဖွင့်လှစ်လည်ပတ်နိုင်ခဲ့ပြီဖြစ်ကြောင်း www.thedefense-post.com သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် အစီရင်ခံတင်ပြခဲ့သည်။

ရုရှားနိုင်ငံ တာတာစတန်ဒေသတွင် တည်ရှိသည့် အဆိုပါဒရုန်းစက်ရုံသည် ယူကရိန်းပဋိပက္ခတွင် အသုံးပြုနိုင်ရန် ထောက်လှမ်းရေးဒရုန်းအစင်း ၅၀ ခန့် ထုတ်လုပ်ခဲ့သည်ဟု Financial Times သတင်းစာက ရေးသားဖော်ပြခဲ့သည်။

Alabuga မြို့တွင် တည်ဆောက်ထားသည့် ဒရုန်းစက်ရုံကို ယခင်စိုက်ပျိုးရေးသုံး ဒရုန်းများထုတ်လုပ်သူ Albatross ကုမ္ပဏီကဦးစီး၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ၎င်းကုမ္ပဏီထုတ် M5 ဒရုန်းများသည် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယူကရိန်းတွင် မကြာသေးမီက တပ်ဖြန့်ချအသုံးပြုခဲ့ကြောင်း ထုတ်ဖော်ပြသခဲ့သည့် Alba-tross ဒရုန်းများနှင့် ဆင်တူပုံရသည်။

Financial Times သတင်းစာအဆိုအရ စက်ရုံတည်ရှိရာ စီးပွားရေးလုပ်ငန်းစုအသိုက်အဝိုင်း၌ ပြီးခဲ့သောလအနည်းငယ်က ဝန်ထမ်းခေါ်ယူမှုတွင် ဒရုန်းကျွမ်းကျင် အင်ဂျင်နီယာများနှင့် နည်းပညာဆိုင်ရာ စာရွက်စာတမ်းများကို ဘာသာပြန်ဆိုနိုင်သော Farsi ဘာသာစကားကျွမ်းကျင်သူများကို ခေါ်ယူခဲ့ကြောင်း၊ ရုရှားနှင့် အီရန်တို့သည် ဒရုန်းစက်ရုံသစ်အတွက် ယခုနှစ် ဇန်နဝါရီလ အစောပိုင်းကတည်းက စီစဉ်နေကြောင်း သိရသည်။

ဇွန်လတွင် အိမ်ဖြူတော်အမျိုးသားလုံခြုံရေးပြောရေးဆိုခွင့်ရှိသူ John Kirby က မော်စကိုမြို့အရှေ့ဘက် ကီလိုမီတာ ၉၀၀ (မိုင် ၅၆၀) ခန့်အကွာရှိ ထွက်ပေါ်လာရန်အလားအလာရှိသော ဒရုန်းစက်ရုံသစ်၏ဂြိုဟ်တုဓာတ်ပုံကို ထုတ်ပြန်ခဲ့သေးသည်။

ရုရှားနိုင်ငံအတွင်း ဒရုန်းထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရန်အတွက် လိုအပ်သောစက်ပစ္စည်းများကို ရုရှားနိုင်ငံက လက်ခံရရှိခဲ့ကြောင်း ကျွန်ုပ်တို့တွင် အချက်အလက်များရှိသည်ဟု Kirby က ဇွန် ၉ ရက်တွင် ပြောကြားခဲ့သည်။

တစ်ဖန် အီရန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံထံမှ Su-35 တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ ရေဒါများနှင့် YAK-130 တိုက်ခိုက်လေ့ကျင့်ရေး လေယာဉ်များကိုဝယ်ယူရန် ကြိုးပမ်းနေကြောင်း အိမ်ဖြူတော်က ထုတ်ဖော်ပြောကြားထားသည်။

Financial Times နှင့် Aiwars သတင်းဌာနတို့က Albatross ကုမ္ပဏီ အဆောက်အအုံသည် ဂြိုဟ်တုဓာတ်ပုံရှိ အဆောက်အအုံနှစ်ခုအနက် တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။ အဆောက်အအုံများ၏ကြမ်းပြင်ရှိ အမှတ်အသားများသည် Albatross အဆောက်အအုံပုံစံ တရားဝင်ဖော်ပြထားသောအတိုင်း အတာနှင့် အမှတ်အသားများနှင့် ကိုက်ညီနေသည်။ ထို့ပြင် Albatross ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသောလိပ်စာသည် အမေရိကန်တို့ ရိုက်ကူးဖော်ပြထားသောဂြိုဟ်တုဓာတ်ပုံတည်နေရာနှင့်လည်း သက်ဆိုင်ပုံရသည်ဟု အဆိုပါသတင်းမီဒီယာများက ရေးသားခဲ့ကြသည်။

စက်ရုံသည် လာမည့်နှစ်အစောပိုင်းတွင် အပြည့်အဝလည်ပတ်နိုင်မည်ဖြစ်ကြောင်း အိမ်ဖြူတော်အမျိုးသားလုံခြုံရေးပြောရေးဆိုခွင့်ရှိသူ John Kirby က ပြောကြားခဲ့သည်။ သို့သော်လည်း Financial Times သတင်းစာတွင် ရုရှားလူမှုမီဒီယာ၊ ဒေသတွင်းမီဒီယာများက ဓာတ်ပုံများနှင့် ဗီဒီယိုများကိုကိုးကား၍ ဒရုန်းစက်ရုံသည် ဇန်နဝါရီက ထုတ်လုပ်မှုစတင်ခဲ့ကြောင်း ရေးသားခဲ့သည်။

Center for Naval Analyzes မှ အလိုအလျောက်လုပ်ဆောင်နိုင်သော စစ်လက်နက်ပစ္စည်းဆိုင်ရာကျွမ်းကျင်သူ Sa-muel Bendett က အဆိုပါစက်ရုံ၏ တည်နေရာသည် Volga မြစ်သို့ စီးဝင်နေသော မြစ်လက်တက်ဘေးတွင်ရှိပြီး အီရန်က သင်္ဘောဖြင့် အစိတ်အပိုင်းများကို လျှို့ဝှက်စွာ သယ်ယူပို့ဆောင်ပေးနိုင်သည်ဟု သုံးသပ်ပြောကြားထားသည်။ ၎င်းက ရုရှား၏ နည်းပညာမြင့်ကုန်ထုတ်လုပ်မှု အချက်အချာတစ်ခုဖြစ်သော Kazan နိုင်ငံနှင့် အလွန်နီးကပ်ကြောင်း၊ ရေလမ်းခရီးနှင့် အဆင်ပြေစွာ ပို့ဆောင်ပေးနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**Russian Drone Plant Built With Iranian Help Opens ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်နှင့် ဆွီဒင်တို့ကို ဒုံးကျည်များရောင်းချရန် အမေရိကန်ခွင့်ပြု

ပြင်သစ်နိုင်ငံသို့ AGM-114R2 Hellfire ဒုံးကျည်အစင်း ၁၅၀၀ ကျော်နှင့် ဆွီဒင်နိုင်ငံသို့ AMRAAM ဒုံးကျည်အစင်း ၂၅၀ ထိရောင်းချရန် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့ကြောင်း ဇူလိုင် ၁၀ ရက်က The Defense Post တွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံသို့ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၀၃ သန်းတန်ဖိုးရှိ ဒုံးကျည်များရောင်းချရာတွင် နည်းပညာအကူအညီ၊ ပေါင်းစည်းလုပ်ဆောင်နိုင်ရေး ပံ့ပိုးမှု၊ အခြားဆက်စပ်သော အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် စီမံကိန်းဆိုင်ရာ အစိတ်အပိုင်းများ ပံ့ပိုးပေးမှုတို့ပါဝင်သည်။ အဆိုပါရောင်းချမှုသည် နိုင်ငံတော်ကာကွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ကာကွယ်ရန်အတွက် နိုင်ငံ၏ရေရှည်ကာကွယ်ရေးစွမ်းရည်ကို တည်ဆောက်ခြင်းဖြင့် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် ပြင်သစ်နိုင်ငံ၏ စစ်ရေးစွမ်းအားများကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင်ပင် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဆွီဒင်သို့ အဆင့်မြင့်တာလတ်ပစ်ဝေဟင်မှဝေဟင်ပစ်ဒုံးကျည် (AMRAAM) အစင်း ၂၅၀ ထိရောင်းချရန်လည်း ခွင့်ပြုပေးခဲ့သည်။ ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၆၀၅ သန်းတန်ဖိုးရှိ အဆိုပါဒုံးကျည်များရောင်းချမှုတွင် AMRAAM C-8 ထိန်းကျောင်းလမ်းညွှန်မှုစနစ်ခြောက်ခု၊ AIM-120 ထိန်းချုပ်လုပ်ဆောင်မှုစနစ်များနှင့် ဒုံးကျည်ထည့်သွင်းထားသိုသည့် ကွန်တိန်နာများ၊ အပိုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ပါဝင်သည်။

အဆိုပါရောင်းချမှုသည် ဆွီဒင်နိုင်ငံတွင် ခေတ်မီပြီး စွမ်းဆောင်ရည်မြင့်မားသော ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များပိုင်ဆိုင်ထားခြင်းဖြင့် ဒေသတွင်း လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကို တားဆီးနိုင်ရန် ဆွီဒင်နိုင်ငံ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ပြောကြားခဲ့သည်။




အမေရိကန်နိုင်ငံ Lockheed Martin ကထုတ်လုပ်ထားသော တင့်ဖျက် Hellfire ဒုံးကျည်များကို ကနဦးအစက တိုက်ခိုက်ရေးရဟတ်ယာဉ်များ၌ သယ်ဆောင်အသုံးပြုနိုင်ရန် ၁၉၇၀ ပြည့်လွန်နှစ်များတွင် တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းကို ဒရုန်းများ၊ မြေပြင်နှင့် ပင်လယ်သွားစစ်ရေယာဉ်များ၊ မြေပြင်အခြေစိုက်စနစ်များကဲ့သို့သော အခြားပလက်ဖောင်းများနှင့်လည်း ပေါင်းစပ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်က စတင်အသုံးပြုနိုင်ခဲ့သော AGM-114R2 Hellfire ဒုံးကျည်များသည် တင့်ကားတစ်စီး၏ ပေါက်ကွဲစေတတ်သော ဓာတ်ပြုသံချပ်ကာကို ထိုးဖောက်ဝင်ရောက်ရန် ခဲယမ်းနှစ်မျိုးပါသောဒုံးထိပ်ဖူးကို အသုံးပြုထားသည်။ ၄၉ ကီလိုဂရမ် (၁၀၈ ပေါင်) လေးသည့် အဆိုပါတင့်ဖျက်ဒုံးကျည်သည် အကွာအဝေး ရှစ်ကီလိုမီတာ (ငါးမိုင်)ထိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

အမေရိကန်နိုင်ငံ Raytheon Mis-siles & Defence ကုမ္ပဏီက ထုတ်လုပ်ထားသည့် AMRAAM ဒုံးကျည်သည် ကမ္ဘာ့အဆန်းပြားဆုံး တိုက်ပွဲဝင်သက်သေပြသထားသော လေကြောင်းစိုးမိုးရေး လက်နက်ဖြစ်သည်ဟု ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ အဆိုပါဒုံးကျည်သည် အကွာအဝေးမိုင် ၂၀ ကျော် (၃၂ ကီလိုမီတာ)ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး ဒုံးကျည်တွင် တပ်ဆင်ထားသော Active ရေဒါကို မိုက်ခရိုကွန်ပျူတာစနစ်၊ Inertial Reference Unit လမ်းညွှန်ထိန်းကျောင်းမှုစနစ်တို့ဖြင့် ပေါင်းစပ်ထားသောကြောင့် လေယာဉ်၏ ပစ်ခတ်မှုထိန်းကျောင်းလုပ်ဆောင်မှုစနစ်အပေါ် မှီခိုမှုနည်းပါးစွာ တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။

**US Approves Missile Sales to France and Sweden ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၆၁၂၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၆၁၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၁၃၈၁၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၆၁၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ဟင်းသီးဟင်းရွက် ဖူလုံရုံတင်မကဘူး အခြားတိုင်းဒေသကြီးကို တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ခရိုင်အလိုက် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၂၅၉၀၊ တမူးခရိုင်တွင် ၁၄၄၈ ဧက၊ ကလေးခရိုင်တွင် ၄၈၀၉ ဧက၊ ခန္တီးခရိုင်တွင် ဧက ၁၁၂၀၊ ဟုမ္မလင်းခရိုင်တွင် ၈၀၃ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၉၉၂ ဧက၊ မုံရွာခရိုင်တွင် ၃၇၀၁ ဧက၊ ယင်းမာပင်ခရိုင်တွင် ၇၂၆၇ ဧက၊ ရွှေဘိုခရိုင်တွင် ဧက ၁၃၉၅၀၊ ရေဦးခရိုင်တွင် ၂၂၉၁ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၇၈၂ ဧက၊ စစ်ကိုင်းခရိုင်တွင် ၆၁၇၆ ဧက၊ ကသာခရိုင်တွင် ဧက ၅၃၂၀၊ ကောလင်းခရိုင်တွင် ၁၈၇၄ ဧက တို့ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# သီပေါမြို့နယ် ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သီပေါ ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီပေါမြို့နယ် ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကျေးရွာခန်းမတည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့်ဆောင်ရွက်သည့် တံစင့်ကျေးရွာအုပ်စု ကျောင်းပြိန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ဘော်ကြိုကျေးရွာအုပ်စု ရွာဟောင်းကျေးရွာတွင် ကျေးရွာခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း စစ်ဆေးကြပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး ဆောင်ရွက်ကြရန် မှာကြားသည်။



သီပေါမြို့နယ် ကျောင်းပြိန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၅ သန်းဖြင့်ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအရှည် ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိပြီး ဇွန် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ဘော်ကြိုကျေးရွာအုပ်စု ရွာဟောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၂၀ သန်းဖြင့် တည်ဆောက်နေသော ကျေးရွာခန်းမသည် အလျား ပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး ဇွန် ၁ ရက်က စတင်ဆောက်လုပ်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# စေတုတ္တရာမြို့နယ် ထမင်းချက်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**စေတုတ္တရာ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းကြီးကျေးရွာအုပ်စု ထမင်းချက်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ရခြင်း၏ရည်ရွယ်ချက်များ၊ သင်တန်းကာလတစ်လျှောက် သင်တန်းသင်ကြားပေးခဲ့သည့် အခြေခံစက်ချုပ်နည်းများကို စဉ်ဆက်မပြတ်လေ့လာသင်ယူကာ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိရှိအသုံးပြုပြီး မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေပေးနိုင်သည်ထိ ဆောင်ရွက်ပေးကြရန်နှင့် သင်တန်းလွန်ကာလ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် အမှတ်တရပစ္စည်းများကို ပေးအပ်ခဲ့သည်။

အခြေခံစက်ချုပ်သင်တန်းသို့ ထမင်းချက်ကျေးရွာ၊ ကောင်းကြီးကျေးရွာ၊ ရွှေချောင်းကျေးရွာ၊ ဖအိုင်းကျေးရွာနှင့် မကြီးစုကျေးရွာမှ သင်တန်းသူဦးရေ ၃၀ တက်ရောက်ခဲ့ကြောင်း၊ အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက အမျိုးသားဝတ်ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ ရှပ်အင်္ကျီ၊ သဘော်သားဝတ်အင်္ကျီချုပ်နည်းများ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီ၊ ရင်စေ့အင်္ကျီ၊ စကပ်ဂါဝန်၊ လုံချည်ချုပ်နည်းများကို စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၁ ရက်ထိ တစ်လကြာ အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဝါယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

မိုခါ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများ၊ အလှူရှင်များက လှူဒါန်းသည့် ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်းရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နေပြည်တော်ကောင်စီ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်အလှူရှင်များ၏ ပထမအကြိမ် လှူဒါန်းငွေကျပ် ၃၆၃၆၀၀၀၀၀ ဖြစ်ပြီး ယခုဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၆၃၅၇၆၄၀၀ ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဇေယျသိဒ္ဓိအားကစားကွင်း ဖွင့်ပွဲနှင့် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲများ ကျင်းပပြုလုပ်စဉ်။**

☆ **ကျောဖုံးမှအဆက်**

ဧည့်သည်တော်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဇေယျသိဒ္ဓိ အားကစားကွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပန်းဖွားအကအဖွဲ့များနှင့် ဘင်ခရာတီးဝိုင်းအဖွဲ့တို့က ထာဝရသစ္စာ သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်မှု၊ မောကီနှရီအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ကျောင်းသူများ၏ Zumba အကဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ ကျောင်းသား၊ ကျောင်းသူများက ပန်းဖွားအက၊ ဘင်ခရာတီးဝိုင်းတို့ဖြင့် သရုပ်ပြခြင်း၊ ကရာတေးဒို အားကစားအဖွဲ့ သရုပ်ပြခြင်း၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့ သရုပ်ပြခြင်း၊ မြန်မာ့သိုင်းအားကစားအဖွဲ့ သရုပ်ပြခြင်း၊ တင်းပုတ်အားကစားအဖွဲ့ သရုပ်ပြခြင်း၊ လုံ့စွပ်ထိုးအားကစားအဖွဲ့ သရုပ်ပြခြင်းတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲ ပထမနေ့ပွဲစဉ်ဖြစ်သည့် လားရှိုးတပ်နယ်(က)အသင်းနှင့် လောက်ကိုင်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် အုပ်စုနှစ်စုခွဲကာ ဇူလိုင် ၂၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။ ယနေ့ဖွင့်လှစ်ခဲ့သော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဇေယျသိဒ္ဓိအားကစားကွင်းသည် မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းကြီးဖြစ်ပြီး ပွဲကြည့်ပရိသတ်ဦးရေ ၃၀၀၀ ကြည့်ရှုအားပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ညောင်ရွှေမြို့နယ် သာစည်ရပ်ကွက်ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သာစည်ရပ်ကွက် သာစည်(၁)လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၁၁ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၆၈ ဒသမ ၈ သိန်းဖြင့် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနကဆောင်ရွက်သည့် သာစည်ရပ်ကွက် သာစည်(၁)လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအပိုင်း(၄) ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ကေသီနွယ်ဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ အမှုဆောင်အရာရှိက လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညောင်ရွှေမြို့နယ် သာစည်ရပ်ကွက် သာစည်(၁)လမ်း ကွန်ကရစ်လမ်းသည် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ပေ၊ ဒုခြောက်လက်မရှိပြီး ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ဇွန် ၂၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗစ်တလေဆိုလိုနတ်စကီ ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာနည်းပညာကဏ္ဍများတွင် ရုရှားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားညီညွတ်ရေး



အမျိုးသားညီညွတ်ရေးဆိုတာ ဘယ်ကဲ့သို့သောညီညွတ်ရေးကို ခေါ်ပါသနည်းဟု မေးရပါလိမ့်မယ်။ အမျိုးသားညီညွတ်ရေးဆိုတာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောက်ျား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ် အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုပါတယ်။

၁၉၄၆ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး(ဖဆပလ)၏ နိုင်ငံလုံးဆိုင်ရာညီလာခံ၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမျိုးဆွေကို ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း ပြိုင်ပွဲဝင် အသင်းများ၏ ယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှု အားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက စစ်တုရင် ပထမဆုံးရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇူလိုင် ၁၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဇူလိုင် ၁၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

ဇူလိုင် ၁၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၉၂၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၇ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၈၄၂ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၆၃၀ ဦး |

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်း နိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၃-၇-၂၀၂၃ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၀ | Internet Pages |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက စာမျက်နှာများ |
| ၄။ | ၁၅း၃၅ | Music Quiz |
| ၅။ | ၂၀း၄၀ | လွမ်းသဝဏ်လွှာ |

# ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာနှင့် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၉) နန္ဒဝန်ရှိ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဆရာ၊ ဆရာမ ၁၉ ဦးနှင့် ကျောင်းသား ၃၇၄ ဦး၊ ကျောင်းသူ ၃၇၅ ဦးတို့ကို သွေးတိုးရောဂါ၊ ချောင်းဆိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၉) နန္ဒဝန်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ အေးမြချမ်းသာသီလရှင် ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင် ၂၁၁ ပါးနှင့် ဒေသခံပြည်သူ ၆၂ ဦးတို့ကို ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါစာသင်တိုက်ရှိ သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်



**နေပြည်တော် ဇူလိုင် ၁၂**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ် (မြစ်ကြီးနား)သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၆၀၀၀၊ စားသောက်ကုန်နှင့် အထွေထွေပစ္စည်း ၁၁၃၈ အိတ်၊ စက္ကူဖာ ၂၉၉ ဖာ၊ ရေသန့်ခြောက်ဘူးပါ ၁၅၆၉၇ ကတ်၊ အဝတ်ထုပ် ၁၅၉၅ ထုပ်၊ စာအုပ်တစ်ထုပ်၊ သောက်ဆေး ၁၂၃ ဖာ၊ သစ်တောဦးစီးဌာနမှ စစ်တွေမြို့တွင် ပြန်လည်စိုက်ပျိုးရန်အတွက် မဟော်ဂနီပင် ၂၃၆၅၀၊ မဲဇလီပင် ၃၀၀၀၊ ရေတမာပင် ၁၇၀၊ မန်ကျည်းပင် ၉၀၀၀ စုစုပေါင်း ကုန်တန်ချိန် ၄၄၁ တန် ခန့်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ကမ်းတံတား၌တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါစစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၁ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thida Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးရပ်ကွက်နေ သီတာစိုးကို မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Tun Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်နေ ရဝေအောင်(ခ)ထွန်းဝင်းနှင့် "San Kay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အနိုပ်တော်ရပ်ကွက်နေ စန်းစန်းအေးတို့ကို ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၅၈)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားပြုလုပ်




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၅၈)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အရာရှိစစ်သည်၊ရဲမေများအတွက် ဝတ်စုံများအမှတ်တရပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၅၈)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်းဆက်လက်ပြုလုပ်သည်။ ထို့နောက် (၅၈)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်၊ မိသားစုများတက်ရောက်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အရာရှိ၊ စစ်သည်၊ ရဲမေများအတွက် ဝတ်စုံများအမှတ်တရပေးအပ်ကာ ဝတ်စားဆင်ယင်မှုနှင့်စစ်ရေးပြအကောင်းဆုံးဆုရရှိသူများ၊အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးအကောင်းဆုံးဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ဗလာမပါကံစမ်းမဲများနှိုက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

# အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) အသင်းနှင့် ပုသိမ်တပ်နယ်(ဃ)အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဗိုင်းဆုရရှိသော ပုသိမ်တပ်နယ်(ဃ)အသင်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗိုင်းဆုနှင့်ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဗိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၂၈ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ဗိုင်းဆုရရှိသည့် ပုသိမ်တပ်နယ်(ဃ)အသင်းကို ဗိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့်မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်တပ်မတော်စက်ရုံများနှင့်မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှိုစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

စစ်ဆေးရေးအဖွဲ့သည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော သင်တန်းသူများ၏ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးနေမှု၊ ပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် စသည့်အခြေခံလူ့အခွင့်အရေးများရရှိအောင်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အကြံပြုချက်များပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ

ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှုအခြေပြဇယား



ငြိမ်းချမ်းအောင်(ခ)အားသစ်
(ခေါင်းဆောင်)



ပပဝင်း
(ငြိမ်းချမ်းအောင်(ခ)အားသစ်နှင့် တရားမဝင်ပေါင်းသင်းနေသူ)

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့်နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အအုံများကို အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများကို ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းများကို နေ့၊ ညမပြတ် အချိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ တိုင်ကြားချက်အရ ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားရှိ “မဟာ” ဆေးခန်း၌ နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ငြိမ်းချမ်းအောင် (ခ)အားသစ်**နှင့် တရားမဝင် ပေါင်းသင်းနေထိုင်သူ **ပပဝင်း**တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ငြိမ်းချမ်းအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် KNLA တပ်မဟာ(၂) လှုပ်ရှားနယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်း သုံးလခန့် တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းဆင်းပြီးနောက် ဧပြီလတွင် ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ရန်အတွက် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို **ငြိမ်းချမ်းအောင်**ခေါင်းဆောင်၍ **ပပဝင်း**၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အယ်နေခင်း၊ ရတီ၊ ကျူးကြီး၊ ကိုကြီး၊ ဒီပ၊ ကွဲကြီး၊ ကိုမျိုး**အပါအဝင် ဦးရေ ၂၀ ဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်သတ်ဖြတ်မှု လေးကြိမ်၊ မိုင်းထောင်ဖောက်ခွဲမှု နှစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

- ၂၀၂၂ ခုနှစ် မတ် ၂၀ ရက်တွင် **ငြိမ်းချမ်းအောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **အယ်နေခင်း**တို့ နှစ်ဦးသည် ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ဖမ်းဆီးရန်ကျန်တရားခံ **ရတီ**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- မေ ၁၉ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ရတီ**နှင့် **အယ်နေခင်း**တို့ နှစ်ဦးသည် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာအနီး၌ မြို့နယ်လျှပ်စစ်ရုံးမန်နေဂျာ ဦးကျော်ရဲအောင်ကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် **ငြိမ်းချမ်းအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ဇွန် ၁၉ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ကျူးကြီး**နှင့် **ကိုကြီး**တို့ နှစ်ဦးသည် ပုသိမ်ကြီးမြို့နယ် ကန်သာကျေးရွာ ရာအိမ်မှူး ဦးသန်းဆွေကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ဖမ်းဆီးရန်ကျန်တရားခံ **အယ်နေခင်း**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ် မေ ၂၀ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အယ်နေခင်း၊ ဒီပ၊ ကွဲကြီး၊ ကိုမျိုး**တို့ အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးဖြင့် သံယာအယောင်ဆောင်၍ လိုက်ထရပ် မော်တော်ယာဉ်ဖြင့် ပုသိမ်ကြီးမြို့နယ် မြကန်သာဈေးအနီး၌ ဈေးဝယ်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် **ငြိမ်းချမ်းအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အယ်နေခင်း၊ ကိုကြီး**တို့က ပုသိမ်ကြီးမြို့နယ် မြို့နယ်လျှပ်စစ်ရုံးကို လက်လုပ်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲရာတွင် **ငြိမ်းချမ်းအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် **ငြိမ်းချမ်းအောင်**၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အယ်နေခင်း၊ ကိုကြီး**တို့က ပုသိမ်ကြီးမြို့နယ် မြို့နယ်စည်ပင်သာယာရေးရုံးကို လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဇွန်လမှ စတင်၍ အကြမ်းဖက်လုပ်ငန်းများတွင် အသုံးပြုရန် “နတ်ဆိုး PDF အကြမ်းဖက်အဖွဲ့” Facebook Page အမည်ဖြင့် လူမှုကွန်ရက်မှတစ်ဆင့် ငွေကြေးကောက်ခံ၍လည်းကောင်း၊ NUG ထံမှ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ရန် ထောက်ပံ့ငွေများတောင်းခံ၍လည်းကောင်း ရရှိငွေများဖြင့် အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်မှု၊ လက်နက်၊ ခဲယမ်းများဝယ်ယူမှုနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။





၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ပုသိမ်ကြီးမြို့နယ် လျှပ်စစ်ရုံးကို အကြမ်းဖက်သူများက လက်လုပ်မိုင်း တစ်လုံး လာရောက်ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် မတ် ၂၀ ရက်တွင် ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာ၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အုပ်ချုပ်ရေးမှူး၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် မေ ၁၉ ရက်တွင် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာ၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် မြို့နယ်လျှပ်စစ်ရုံး မန်နေဂျာ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇွန် ၁၉ ရက်တွင် ပုသိမ်ကြီးမြို့နယ် ကံသာကျေးရွာ၌ အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ရာအိမ်မှူး၏ မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပုသိမ်ကြီးမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးကို အကြမ်းဖက်သူများက လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# သန့်စင်သော သောက်သုံးရေများ

မေဇင်ထွန်း



❖ ရေသန့်စင်မှုစနစ်များကို ပုံမှန်ထိန်းသိမ်းရမည်။ စနစ်တကျ မထိန်းသိမ်းပါက ညစ်ညမ်းမှုများသည် ရေစစ်ကန်များ၏ ဆန်ခါအဟောင်းများတွင်စုပုံလာပြီး သောက်သုံးရေထဲသို့စိမ့်ဝင်သွားနိုင်သည်။ အချို့သောညစ်ညမ်းမှုများသည် ဖယ်ရှား၍မရနိုင်ပေ။ ရေသန့်စင်စနစ်များသည် ညစ်ညမ်းမှုများစွာကို ဖယ်ရှားနိုင်သော်လည်း အချို့သော ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများသည် အသုံးပြုသည့်အမျိုးအစားပေါ်မူတည်၍ သန့်စင်သောရေထဲတွင် ကျန်ရှိနေနိုင်သည်။ အိမ်တွင်းရေသန့်စင်စနစ်ကို တပ်ဆင်ခြင်းနှင့် ရေသန့်ဘူးများဝယ်ယူခြင်း နှစ်ခုစလုံးသည် ဈေးကြီးနိုင်ပြီး အချို့သောစနစ်များသည် ဒေါ်လာရာနှင့်ချီ၍ ကုန်ကျသည်။ ❖

ရေသောက်ခြင်းသည် အသားအရေနှင့် လူ့ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်သောကြောင့် ရေကို မသောက်မဖြစ် သောက်ရန်လိုအပ်သည်။ ခန္ဓာကိုယ်ရှိ ဆဲလ်တိုင်းသည် ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ရေဓာတ်လိုအပ်သောကြောင့် တစ်နေ့တာလုံး ရေဓာတ်ကို အဆက်မပြတ်ဖြည့်တင်းပေးရမည်ဖြစ်သည်။ ရေသောက်ခြင်းသည် မည်မျှအရေးကြီးသည်ကို လူအများစုကသိကြသော်လည်း တချို့မှာမူ ရေသောက်ရန်မေ့လျော့ထားတတ်ကြသည်။ ထို့ပြင် ရေသောက်သုံးရာတွင် အကောင်းဆုံးရေအမျိုးအစားနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးတတ်ကြသည်။ ဤဆောင်းပါးတွင် မည်သည့်ရေကို သောက်သုံးခြင်းသည် ခန္ဓာကိုယ်ရေဓာတ်ရရှိရန်အတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်သည်ကို သိရှိနိုင်ရန်၊ သန့်စင်ထားသောရေနှင့် ပုံမှန်ရေတို့ကြား ခြားနားချက်နှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်နိုင်မှုတို့ကို သိရှိနိုင်ရန် ဗဟုသုတအနေဖြင့်ဖော်ပြသွားပါမည်။

သန့်စင်သောရေဟူသည် ဓာတုပစ္စည်းများနှင့် အခြားညစ်ညမ်းသောအညစ်အကြေးများ ဖယ်ရှားစစ်ထုတ်ထားခြင်း သို့မဟုတ် ပြုပြင်ထားခြင်းများပြုလုပ်ထားသည့် ရေဖြစ်သည်။ ထိုသို့သန့်စင်ထားသောရေဟူသည် မြေအောက်ရေ သို့မဟုတ် ဘုံပိုင်ခေါင်းမှထွက်သောရေကို သန့်စင်ခြင်းများပြုလုပ်ပြီး ဓာတုအညစ်အကြေးများစွာကို ဖယ်ရှားပေးထားသည်။ ဓာတုပစ္စည်းများနှင့်အညစ်အကြေးများတွင် ဗက်တီးရီးယား၊ ရေညှိ၊ မှို၊ ကပ်ပါးကောင်၊ ကြေးနီနှင့်ခဲကဲ့သို့ သတ္တုများပါဝင်သည်။

**ဓာတုညစ်ညမ်းမှုများ**

အိမ်တွင်းရေကို စီးပွားရေးအရ သန့်စင်ရာတွင် လုပ်ငန်းစဉ်များစွာနှင့် နည်းလမ်းပေါင်းများစွာကို အသုံးပြုကြသည်။ အနောက်နိုင်ငံအများစု၌ သောက်သုံးရေအသုံးပြုရာတွင် ဘေးကင်းစေရန်အတွက် ခေတ်မီနည်းပညာမြင့်စက်များဖြင့် သန့်စင်ကြသည်။ သို့သော်လည်း ကမ္ဘာတစ်ဝန်းရှိ သောက်သုံးရေရရှိမှုအတွက် စံနှုန်းများသည် တစ်နေရာနှင့် တစ်နေရာကွဲပြားပြီး အများအားဖြင့် အစိုးရ၏ စည်းမျဉ်းများ သို့မဟုတ် နိုင်ငံတကာစံနှုန်းများအပေါ် အခြေခံကာ သောက်သုံးရေသန့်ရရှိမှုနှုန်းထားများ ကွာခြားကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ လူဦးရေ ၂ ဒသမ ၁ ဘီလီယံကျော်သည် ဘေးကင်းသည့်သောက်သုံးရေကို လက်လှမ်းမမီနိုင်ဘူးဟု ခန့်မှန်းထားသည်။ နိုင်ငံတော်တော်များများတွင် ဘေးကင်းသောသောက်သုံးရေရရှိရန် အမျိုးမျိုးသောသန့်စင်မှုနည်းလမ်းများကို အသုံးပြုကြသည်။

**Coagulation နှင့် Flocculation လုပ်ငန်းစဉ်**

Coagulation သည် ဓာတုပစ္စည်းများကို ခဲလိုက်ခြင်းဖြစ်ပြီး Flocculation ဆိုသည်မှာ အမှုန်များကြားတွင် ချိတ်ဆက်မှုကို လွယ်ကူချောမွေ့စေရန်၊ ရေတွင်ပေါင်းထည့်ထားသော ဓာတုအခဲများခွဲထွက်မှု ပိုမိုလွယ်ကူစေရန် ပိုကြီးသည့် အစုလိုက်များကို ဖန်တီးပေးသောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အဆိုပါနည်းလမ်းကို ရေသန့်စင်သည့်စက်ရုံများ၌ တွင်ကျယ်စွာအသုံးပြုကြပြီး ဓာတုပစ္စည်းများကို ရေတွင် ပေါင်းထည့်ကာ အမှုန်အမွှားများလုံးဝမပါအောင် စစ်ထုတ်နိုင်သည်။ ၎င်းသည် ပိုကြီးသော အမှုန်များကိုလည်း စစ်ထုတ်ပေးနိုင်သည်။

**အနည်ထိုင်ခြင်း**

အနည်ထိုင်ခြင်းအဆင့်တွင် စစ်ထုတ်ရသောအမှုန်များသည် ပိုမိုအရွယ်အစားသေးသဖြင့် Flocculation လုပ်ငန်းစဉ်ကြောင့် ပိုမိုသန့်ရှင်းသော ရေများဖြစ်လာကာ အညစ်အကြေးများသည် အောက်ခြေတွင် အနည်ထိုင်သွားသည်။

**စစ်ထုတ်ခြင်း**

ရေများကိုသန့်စင်ရန်နှင့် သန့်ရှင်းသောရေရရှိရန်အတွက် ရေသိုလှောင်ကန်များအတွင်းသို့ မသိုလှောင်မီ ကန်အဝတွင် သဲ၊ မီးသွေးနှင့်ကျောက်စရစ်များဖြင့် ပြုလုပ်ထားသည့် ဆန်ခါသဖွယ်အရာများကို အဆင့်ဆင့်ထပ်ကာ စစ်ထုတ်မှုများကိုပြုလုပ်ကြသည်။ ထိုစနစ်များမှတစ်ဆင့် မသန့်ရှင်းသောရေများ စီးဆင်းဖြတ်သန်းပြီး ရေသန့်များဖြစ်လာသည်။ ထိုသောက်ရေ၊ သုံးရေများတွင် ဖုန်မှုန့်များ၊ ဗက်တီးရီးယားများ၊ ဓာတုပစ္စည်းများနှင့် ဗိုင်းရပ်စ်များကဲ့သို့သော ညစ်ညမ်းမှုများကိုဖယ်ရှားပေးသည်။

**ပိုးသတ်ခြင်း**

ပိုးသတ်ခြင်းအဆင့်တွင် ကလိုရင်းကဲ့သို့ ဓာတုပိုးသတ်ဆေးများကို ရေထဲသို့ထည့်ကာ ကျန်ရှိနေသော ဗက်တီးရီးယား သို့မဟုတ် ဗိုင်းရပ်စ်များကို ရှင်းထုတ်ပေးခြင်းဖြစ်သည်။ သောက်သုံးရေကို ဒေသန္တရရေ၏ အရည်အသွေးနှင့် ဧရိယာပေါ်မူတည်၍ ကွဲပြားစွာ သန့်စင်နိုင်သည်ကို သတိပြုသင့်ပေသည်။

**သန့်စင်သောရေ၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

ဘုံပိုင်ရေသည် နေရာအများအပြားတွင် သောက်သုံးရန် ဘေးကင်းသော်လည်း ၎င်းတွင် ညစ်ညမ်းမှုများသည် သယ်ယူပို့ဆောင်သည့်နေရာများမှပါလာနိုင်သည့်အပြင် သဘာဝဘေးကြောင့် ညစ်ညမ်းမှုများလည်း ဖြစ်လာနိုင်သေးသည်။ ထို့ကြောင့် အချို့ပြည်နယ်နှင့်နိုင်ငံများတွင် အခြားနိုင်ငံများထက် သောက်သုံးရေ စည်းမျဉ်းစည်းကမ်းများ ပိုမိုတင်းကျပ်သင့်သည်။ အများပြည်သူသောက်သုံးသောရေများတွင် ဘေးကင်းကြောင်း အစီအမံများ ပြုလုပ်ထားသော်လည်း ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ညစ်ညမ်းမှုပမာဏ ကျန်ရှိနေသေးသည်။ ဥပမာအားဖြင့် ခဲသတ္တုနှင့် ကြေးနီတို့သည် လူတို့၏ ကျန်းမာရေးကို အလွန်အမင်းအန္တရာယ်ဖြစ်စေသည်။ ၎င်းတို့ကို အချိန်ကြာကြာအသုံးပြုလာသည်နှင့်အမျှ လူ့အစာအိမ်၊ အူလမ်းကြောင်းများတွင် ဒုက္ခဖြစ်စေနိုင်သည်။ ရေအရင်းအမြစ်များကို အနီးကပ်ထိန်းညှိထားနိုင်သည့် နိုင်ငံများတွင်ပင် အဆိုပါလေးလံသောသတ္တုများသည် သောက်သုံးရေထဲသို့ စိမ့်ဝင်သွားမှုများရှိသည်။

ထို့ကြောင့် အိမ်တွင်းရေစစ်ထုတ်စက်များကို အသုံးပြုခြင်း သို့မဟုတ် သန့်စင်ထားသောရေသန့်ဘူးများကို သောက်သုံးခြင်းဖြင့် သတ္တုများ၊ ဓာတုပစ္စည်းများနှင့် အခြားညစ်ညမ်းမှုများကို အတိုင်းအတာတစ်ခုထိ ဖယ်ရှားပေးနိုင်သည်ကို တွေ့ရသည်။ ပိုးသတ်ဆေးအဖြစ် ထည့်သွင်းထားသည့် ကလိုရင်းသည် ပိုးများကို ဖယ်ရှားပေးသော်လည်း လေ့လာမှုများစွာတွင် ကလိုရင်းပါသောရေကို အချိန်ကာလကြာကြာသောက်ပါက အူမကြီးကင်ဆာ အပါအဝင် အချို့သော ကင်ဆာရောဂါများဖြစ်နိုင်ခြေပိုများသည်။

ရေသန့်စင်ခြင်း၏နောက်ထပ်အကျိုးကျေးဇူးမှာ မနှစ်မြို့ဖွယ်အရသာများကို ဖယ်ရှားပေးကာ လတ်ဆတ်သန့်ရှင်းသော၊ အရသာရှိသော သောက်ရေကို ရရှိစေခြင်းဖြစ်သည်။ ရေသန့်စင်ခြင်းသည် သောက်သုံးရေတွင် ကျန်ရှိနေနိုင်သည့် အညစ်အကြေးများကို ဖယ်ရှားပေးပြီး ရေအရည်အသွေးနှင့် အရသာကို ပိုမိုကောင်းမွန်စေသည်။ သန့်စင်သောရေသည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရှိသော်လည်း အားနည်းချက်တချို့လည်းရှိသည်။ ဥပမာအားဖြင့် ဖလိုရိုက်သည် သွားနှင့်ခံတွင်းကျန်းမာရေးကို မြှင့်တင်ရန်နှင့် သွားပိုးစားခြင်းကို လျှော့ချရန်အတွက် အသုံးပြုကြသည့်အပြင် တချို့နိုင်ငံများတွင် အများသူငါ သောက်သုံးရေတွင် ဖြည့်စွက်ထားသော သတ္တုဓာတ်တစ်မျိုးလည်းဖြစ်သည်။ ဖလိုရိုက်ပမာဏ လွန်ကဲခြင်းသည် ဦးနှောက်နှင့် အာရုံကြောဆဲလ် နှစ်ခုလုံးကို အဆိပ်ဖြစ်စေနိုင်ပြီး ဖလိုရိုက်မြင့်မားသော ပမာဏကို ကြာရှည်ထိတွေ့ခြင်းသည် သင်ယူမှု၊ မှတ်ဉာဏ်၊ သိမြင်မှုချို့ယွင်းခြင်းနှင့်ဆက်စပ်နေသည်။

ထို့ကြောင့် ဖလိုရိုက်ရေ၏ ဘေးကင်းမှုနှင့် ထိရောက်မှုဆိုင်ရာ သုတေသနကို ဆက်လက်လုပ်ဆောင်နေသော်လည်း ရေသန့်ထုတ်လုပ်သူများသည် သန့်စင်သည့်စနစ်များမှ ဖလိုရိုက်ကို ဖယ်ရှားသင့်ကြောင်း သတိပြုသင့်သည်။

ရေသန့်စင်မှုစနစ်များကို ပုံမှန်ထိန်းသိမ်းရမည်။ စနစ်တကျ မထိန်းသိမ်းပါက ညစ်ညမ်းမှုများသည် ရေစစ်ကန်များ၏ ဆန်ခါအဟောင်းများတွင် စုပုံလာပြီး သောက်သုံးရေထဲသို့စိမ့်ဝင်သွားနိုင်သည်။ အချို့သောညစ်ညမ်းမှုများသည် ဖယ်ရှား၍မရနိုင်ပေ။ ရေသန့်စင်စနစ်များသည် ညစ်ညမ်းမှုများစွာကို ဖယ်ရှားနိုင်သော်လည်း အချို့သော ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများသည် အသုံးပြုသည့်အမျိုးအစားပေါ်မူတည်၍ သန့်စင်သောရေထဲတွင် ကျန်ရှိနေနိုင်သည်။ အိမ်တွင်းရေသန့်စင်စနစ်ကို တပ်ဆင်ခြင်းနှင့် ရေသန့်ဘူးများ ဝယ်ယူခြင်း နှစ်ခုစလုံးသည် ဈေးကြီးနိုင်ပြီး အချို့သောစနစ်များသည် ဒေါ်လာရာနှင့်ချီ၍ ကုန်ကျသည်။

ထို့ပြင် ပလတ်စတစ်ဘူးများဖြင့် ထုပ်ပိုးထားသည့် သန့်စင်ထားသောရေကို ဝယ်ယူခြင်းသည် လွယ်လွယ်သောက် လွယ်လွယ်စွန့်ပစ်ခြင်းကို ပိုမိုဖြစ်စေကာ အမှိုက်အများအပြားကို ဖြစ်ပေါ်စေသည်။ ရေသန့်စင်ခြင်းသည် သောက်သုံးရေမှ ညစ်ညမ်းမှုအားလုံးကို မဖယ်ရှားနိုင်သည့်အပြင် အချို့သောသန့်စင်မှုစနစ်များသည် ငွေကုန်ကြေးကျများပြီး ပြုပြင်ထိန်းသိမ်းမှုစရိတ်များလည်း မြင့်သည်။

ထို့ပြင် သန့်စင်သောရေတွင် သေးငယ်သော ပလတ်စတစ်အမှိုက်များ ပါဝင်မှုနည်းပါးသော်လည်း သုံးစွဲပြီးသား ရေသန့်ဘူးများကို စွန့်ပစ်သည့်အခါ သဘာဝပတ်ဝန်းကျင်တွင် နှစ်ပေါင်းများစွာတိုင်အောင် မပျက်စီးလွယ်သော ပလတ်စတစ်အမှိုက်များ ဖြစ်လာစေပြီး ပတ်ဝန်းကျင်ကို အကျည်းတန်စေသည်။ ထို့ကြောင့် သဘာဝအတိုင်း သန့်စင်သောရေကို များများသောက်ခြင်းဖြင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုကို လျှော့ချနိုင်သည်။ ရေသန့်ဘူးများသောက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ပိုမိုထိခိုက်စေသည်။ သဘာဝအတိုင်း ရေကိုစစ်ထုတ်ခြင်းသည် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်အတွက် သဟဇာတပိုဖြစ်သည်။ ထို့ကြောင့် ဖြစ်နိုင်လျှင် တစ်ခါသုံးပလတ်စတစ်ရေဘူးများကို တတ်နိုင်သမျှရှောင်ကြဉ်ကာ ပြန်လည်အသုံးပြု၍ရသောရေဘူးများကို အသုံးပြုသင့်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- Purified Water effect on environment.

0 w Ñv ë @

# ကြည်နူးရိပ်

မောင်ကြည်လင်(ရွှေတိုးကြာ)




(၁)

ဆောင်းနံနက်သည် အရုဏ်တက်ချိန်မှာပင်အစွမ်းပြနေသည်။ ရွာလမ်းမထက်တွင် ဆိုင်ကယ်သံ၊ စက်ဘီးသံ၊ အလုပ်သမားများ သွားလာလှုပ်ရှားသံများကညံစီလျက်ရှိနေ၏။

"ဟဲ့ ယုန်မ ထမင်းကျက်ပြီလား။ ဘယ်သွားနေတာလဲ"

"ရှိပါတယ် အဒေါ်။ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ မနက်စာအတွက် ဘယ်အချိန်ရှိပြီလဲ။ အခုထိမကျက်သေးဘူးလား"

"ကျက်ပါပြီ အဒေါ်။ ဟင်းအိုးပြန်နွှေးနေလို့ပါ"

"မြန်မြန်လုပ် ယုန်မရေ၊ ငါ့သမီး ကျောင်းနောက်ကျနေမယ်"

"ဟုတ်ကဲ့ အဒေါ်၊ ဟုတ်ကဲ့"

မျက်နှာသုတ်ပဝါ ပခုံးပေါ်တင်လျက်ထွက်သွားသော အဒေါ်ဖြစ်သူ သိမ့်သိမ့်ထွေးကို ကြည့်ကာ ယုန်မသက်ပြင်းချလိုက်မိသည်။ ထို့နောက် ထမင်းစားပွဲပြင်ပေးပြီး ရေချိုးရန် ရေကန်ရှိရာသို့ ထွက်လာလေသည်။ ယုန်မ၏အမည်သည် ချမ်းမြသီဂီဖြစ်သည်။ မိဘနှစ်ပါးမှာ ယုန်မ ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့သောကြောင့် အဒေါ်ဖြစ်သူအိမ်တွင် မှီခိုနေရသူဖြစ်သည်။ အဒေါ်ဖြစ်သူသည် ခင်ပွန်း ဦးဘအေးနှင့် ဆုမြတ်လွင်ဟူသော သမီးတစ်ယောက် မွေးဖွားခဲ့သည်။ ယုန်မနှင့်ဆုမြတ်လွင်သည် အဋ္ဌမတန်းတွင် ပညာသင်ကြားနေကြသူများဖြစ်သည်။ ယုန်မ၏ အသားအရေကနေရောင်ဟပ်ထားသဖြင့် မည်းညစ်ညစ်ဖြစ်နေသည်။ နေ့စဉ် နံနက်မှ ညနေထိ အိမ်မှုကိစ္စများကို အဆက်မပြတ်လုပ်ကိုင်နေရသူလည်းဖြစ်သည်။ ချမ်းမြသီဂီကို သူငယ်ချင်းများက လျင်မြန်ဖျတ်လတ်လွန်းသဖြင့် ယုန်မဟုသာ ခေါ်ဆိုကြလေသည်။

(၂)

ယခုနှစ်ဆောင်းသည် အအေးပိုသည်ဟု ယုန်မထင်မိသည်။ ညနေ ၆ နာရီပင်မထိုးသေး အလင်းပျောက်ကွယ်၍ အမှောင်သို့ လျင်မြန်စွာပြောင်းလဲသွားလေသည်။ မိုးချုပ်မြန်သည်ဟုပင် ဆိုရပါလိမ့်မည်။ ယုန်မသည် အအေးဓာတ်ကိုကာကွယ်ရန် အနွေးထည်ထူထူဝတ်လျက် အိမ်ရှေ့သစ်ပင်အောက်ရှိ တဲကလေးထဲတွင်စာကျက်နေသည်။

"အမေ ဟိုမှာ ယုန်မ၊ အလုပ်မလုပ်ဘဲ စာကျက်နေတယ်နော်"

"ဘယ်မှာလဲ သမီး"

"ဟိုမှာ အမေ၊ ဟိုမှာလေ ဟိုမှာ"

ရွာအနောက်ပိုင်းမှ ပြန်လာချိန်တွင် ဒေါ်သိမ့်သိမ့်ထွေးသည် သမီးဖြစ်သူ ဆုမြတ်လွင် လက်ညှိုးညွှန်ပြသောနေရာသို့ ကြည့်လိုက်သောအခါ အိမ်ရှေ့သစ်ပင်အောက်ရှိ တဲကလေးထဲတွင် စာကျက်နေသောယုန်မကိုတွေ့လိုက်ရသဖြင့် ဒေါသထွက်လာမိသည်။

"ဟုတ်ပါ့တော်။ ဟဲ့ ယုန်မ ဘာလုပ်နေတာလဲ။ လာခဲ့စမ်း"

ဒေါ်သိမ့်သိမ့်ထွေး ယုန်မကို လှမ်းအော်လိုက်သည်။

"နင် အလုပ်အားနေတယ်ပေါ့လေ ယုန်မ"

"အလုပ်ပြီးလို့ စာကျက်တာပါ အဒေါ်"

"အမယ်လေး. . . နင်ကများ ငါ့ကို ပြန်ပြောရဲတယ်။ လာခဲ့စမ်း ဖြန်း ဖြန်း"

ဒေါ်သိမ့်သိမ့်ထွေးသည် အနီးနားရှိ ဝါးခြမ်းပြားကိုကောက်ပြီး ချမ်းမြသီဂီကို ရိုက်လိုက်သောအခါ ဆုမြတ်လွင်က အားရဟန်ဖြင့် ကြည့်နေလေသည်။

(၃)

"နင့်အဒေါ်သိမ့်သိမ့်ထွေးက ဘယ်လိုကြီးလဲ ယုန်မရယ်။ သူ့သမီး ဆုမြတ်လွင်ကိုတော့ ဘာအလုပ်မှ မခိုင်းဘူး။ နင့်ကိုပဲခိုင်းနေတယ်"

ကျောင်းသွားရာလမ်းတွင် သူငယ်ချင်းဖြစ်သူ ပြည့်ပြည့်ဝင်း စကားကြောင့်-

"ငါက သူတို့အိမ်မှာ မှီခိုနေရတာလေ။ သူတို့ခိုင်းတာ လုပ်ရမှာပေါ့"

"ခိုင်းတာကလဲဟယ် မတရားကြီး။ ပြီးတော့ သူ့သမီး ဆုမြတ်လွင်ကလဲ နင့်ကို အနိုင်ကျင့်သေးတယ်။ သူ့ကို ကြည့်လို့ကိုမရဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ ငါသည်းခံရမှာပေါ့။ အခုလို ငါ့ကိုကျောင်းထားပေးတာနဲ့တင် ကျေးဇူးတင်နေပါပြီ"

"အေးပါ သူတော်ကောင်းမကြီးရယ်။ ငါက စေတနာနဲ့ပြောတာပါ"

ထို့နောက် သူငယ်ချင်းနှစ်ယောက် ကျောင်းဝင်းအတွင်းရောက်ရှိလာကာ သက်ဆိုင်ရာ စာသင်ခန်းဆီသို့ ဝင်သွားကြလေသည်။

(၄)

"ဟဲ့ ယုန်မ"

"ရှင် အဒေါ်"

"ရှင် နောက်မှထူး။ လူအရင်လာခဲ့"

အဒေါ်ဖြစ်သူ သိမ့်သိမ့်ထွေး၏ ဒေါသသံပါသော စကားကြောင့် ယုန်မအဝတ်လျှော်နေရာမှ ပြေးလာလိုက်သည်။

"ငါ့အိတ်ထဲက ပိုက်ဆံ နင်ယူသလား"

"မယူပါဘူးအဒေါ်"

"နင်မယူလို့ ဘယ်သူယူမလဲ။ နင်ပဲ ငါ့အဝတ်အစားတွေ လျှော်တာမဟုတ်လား"

"သမီး တကယ်မယူပါဘူး အဒေါ်"

"ငါ့ကို မလိမ်နဲ့နော် ယုန်မ။ ဟိုနေ့က နင်ကျောင်းမှာ မုန့်ဝယ်စားတယ်ဆိုတာ ငါ့သမီးကပြောပြတယ်"

"အဲဒါ သမီးစုထားတဲ့ ပိုက်ဆံပါ"

"ဟဲ့ နင်က ပိုက်ဆံစုရအောင် ဘယ်ကပိုက်ဆံရလို့ ပိုက်ဆံစုတာလဲ။ မှန်မှန်ပြော ယုန်မ"

အဒေါ်ဖြစ်သူ၏ စကားကြောင့် ယုန်မ တွေဝေနေမိသည်။

"ပြောလေ ယုန်မ။ အခုတော့ နင်မပြောနိုင်တော့ဘူးမဟုတ်လား"

အဒေါ်ဖြစ်သူ၏ စွပ်စွဲချက်များကို ယုန်မ ပြန်လည်ဖြေရှင်းရန် အားယူလိုက်စဉ်-

"အမေ"

"ဟင် သမီး၊ ဘယ်ကပြန်လာတာလဲ"

သမီးဖြစ်သူ လက်ထဲတွင် အဝတ်အစားသစ်များဝယ်လာသည်ကို ဒေါ်သိမ့်သိမ့်ထွေး မမြင်ဟန်ဆောင်၍ မေးလိုက်သည်။

"မြို့ထဲကပါ အမေ။ အမေ ဘာတွေဖြစ်နေတာလဲ"

"ဒီမှာလေ အမေ့ပိုက်ဆံပျောက်လို့ ယုန်မကို မေးနေတာ"

"ယုန်မ ခိုးတာအမေ။ ကျောင်းမှာ မုန့်ခဏခဏဝယ်စားတာ သမီးတွေ့တယ်"

ညီမဝမ်းကွဲဖြစ်သူ ဆုမြတ်လွင်၏မလိုတမာ အပြစ်ဖို့စကားကြောင့် ယုန်မ ဒေါသကိုမျိုသိပ်လိုက်ရသော်လည်း လက်သီးကိုမူ ကျစ်လျစ်စွာဆုပ်၍ နှုတ်ခမ်းကိုပြတ်ထွက်လုမတတ်ကိုက်ထားလိုက်မိသည်။

(၅)

"နင် ပန်းရောင်းရတာ အဆင်ပြေရဲ့လား ယုန်မ"

"ငါ့ကျောင်းစရိတ်တော့ရပါတယ်"

ယုန်မသည် ကျောင်းပိတ်ရက်များတွင် သူငယ်ချင်းဖြစ်သူ ပြည့်ပြည့်ဝင်းနှင့်အတူ စံပယ်ပန်းများဖောက်သည်ယူကာ ရောင်းချနေခြင်းဖြစ်သည်။ ယုန်မပန်းရောင်းနေခြင်းကို အဒေါ်ဖြစ်သူ မသိပေ။

"အန်တီ စံပယ်ပန်းတွေ မွှေးတယ်နော်"

ထိုစဉ်-

"ဟဲ့ ယုန်မ"

ဒေါသတကြီး အော်ဟစ်လိုက်သော အသံကြောင့် ယုန်မ ပန်းရောင်းနေရင်း အသံလာရာသို့လှည့်ကြည့်လိုက်သောအခါ အဒေါ်ဖြစ်သူ သိမ့်သိမ့်ထွေးကိုတွေ့လိုက်ရလေသည်။

"နင်က ငါ့ကို သိက္ခာချနေတာပေါ့လေ။ ငါက နင့်ကို ထမင်းဝဝမကျွေးလို့ နင်က ပန်းရောင်းနေတာပေါ့လေ"

"မဟုတ်ပါဘူး အဒေါ်။ သမီး အပိုဝင်ငွေရအောင် . . ."

"ဘာအတွက် အပိုဝင်ငွေရှာနေရတာလဲ။ လာစမ်း ယုန်မ၊ အိမ်ရောက်မှ နင်ငါ့အကြောင်းသိမယ်"

ယုန်မ စကားပင် မဆုံးလိုက်ပေ။ ဒေါ်သိမ့်သိမ့်ထွေးသည် ယုန်မလက်ထဲမှ စံပယ်ပန်းများကို ဆွဲယူကာ လုံးခြေပစ်လိုက်လေသည်။

(၆)

နာရီလက်တံတို့ ရွေ့လျားနေသည်နှင့်အမျှ အချိန်ကာလတို့ ပြောင်းလဲနေပေသည်။ ရာသီပန်းတို့လည်း နွေ၊ မိုး၊ ဆောင်းအလိုက် ပြောင်းလဲဖူးပွင့်နေကြသည်။

"အဒေါ် သနပ်ခါးတုံး၊ ပုံးရည်ကြီးပါတယ် ယူအုံးမလား"

"မယူသေးပါဘူး"

"သနပ်ခါးတုံး၊ ပုံးရည်ကြီးရမယ်"

"ဈေးသည် လာပါအုံး"

ဆုမြတ်လွင် ဈေးတောင်းကို ရွက်လျက် ဈေးဝယ်သူ၏ ခြံအတွင်းသို့ဝင်လိုက်သည်။ ထို့နောက် ဈေးတောင်းကိုချကာ နဖူးမှချွေးကို ခေါင်းခုဖြင့်သုတ်လိုက်လေသည်။

"ရေတစ်ခွက်လောက် တိုက်ပါလား အန်တီ"

"အေး အေး ဟိုမှာ သွားခပ်သောက်လေ"

ဆုမြတ်လွင် ရေသောက်ရန် သောက်ရေအိုးစင်ရှိရာသို့သွားကာ ရေသောက်ရင်း အိမ်နံရံတွင် ချိတ်ဆွဲထားသည့်ဓာတ်ပုံကိုတွေ့ရသောအခါ အံ့ဩစွာ ငေးကြည့်နေမိသည်။

"အန် အန်တီ၊ ဒါ ဒါ ဘယ်သူလဲဟင်"

"အန်တီ့ယောက်ျားရဲ့တူမ ချမ်းမြသီဂီလေ။ သူ့ဦးလေးကတော့ ယုန်မလေးလို့ခေါ်တယ်"

ဈေးဝယ်သူ အန်တီ့စကားအဆုံး အတိတ်၏ဖြစ်ရပ်များက ဘဝကြေးမုံပြင်မှာထင်ဟပ်လျက်အသက်ဝင်လာတော့သည်။

(၇)

"ငါ့ကို သိက္ခာချတဲ့ကောင်မ ဖြန်း ဖြန်း"

ဈေးထဲတွင် ပန်းရောင်းနေသည်ကို တွေ့လိုက်ရသဖြင့် ဒေါသဖြစ်နေသော ဒေါ်သိမ့်သိမ့်ထွေးသည် အိမ်သို့ရောက်သောအခါ ယုန်မကို ဒေါသမပြေနိုင်ဘဲ ရိုက်နေလေသည်။

"ဟဲ့ ယုန်မ၊ နင်က ငါတို့မိသားစုကို စော်ကားနေတာလား"

"မဟုတ်ပါဘူး အဒေါ်"

"ဘာမဟုတ်တာလဲ။ နင် ပန်းရောင်းနေတာကို ငါ့သူငယ်ချင်းတွေသိရင် ငါအရှက်ကွဲမှာဟဲ့"

ဆုမြတ်လွင် ဝင်ပြောလိုက်လေသည်။

"တီ တီ"

အိမ်ရှေ့ဆီမှ ရုတ်တရက် ဆိုင်ကယ်ဟွန်းတီးသံကြောင့် ဒေါ်သိမ့်သိမ့်ထွေး လှမ်းကြည့်လိုက်သည်။

"ဟင် အစ်ကိုကြီးပါလား။ ဟဲ့ ယုန်မ နင့်မျက်ရည်ကို သုတ်ပြီး အိမ်ထဲဝင်"

အဒေါ်ဖြစ်သူစကားကြောင့် ယုန်မ အိမ်ထဲသို့ပြေးဝင်လိုက်သည်။

"အစ်ကိုကြီး ဘာကိစ္စရှိလို့ မလာစဖူး အလာထူးနေရတာလဲ"

"ပြောရရင်တော့ ရှည်တယ်ဟာ။ လိုရင်းကတော့ ယုန်မကို ငါ့အိမ်ခေါ်ထားချင်တယ်။ ငါ့မိန်းမလဲ ကျန်းမာရေးမကောင်းတော့ သူ့အတွက် အဖော်ရအောင်လို့ပါ"

အစ်ကိုဖြစ်သူ စကားကြောင့် ဒေါ်သိမ့်သိမ့်ထွေး မျက်နှာတွင် အရောင်ပြောင်းကာ လင်းလက်သွားသည်။

"ယုန်မသဘောတူရင် လိုက်ခွင့်ပြုပါမယ်အစ်ကိုကြီး"

ဤသို့ဖြင့် ယုန်မသည် ဦးလေးနေထိုင်သည့် ညောင်လေးပင်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ဦးလေးနှင့် ဇနီးဖြစ်သူတို့သည် သဘောကောင်းကြသကဲ့သို့ ယုန်မကိုလည်း ကျောင်းဆက်ထားပေးခဲ့သည်။ ထိုကာလ

စာမျက်နှာ ၂၅ သို့ ➤

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ ၂၃၄၃ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ ၂၃၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ ၄၉၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၂၃၄၃ ဧကစိုက်ပျိုးပြီးစီးနေပြီး မိုးနေကြာကို လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

" ရေဦးခရိုင်မှာ ဒီနှစ်မိုးနေကြာ ဧက ၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ မိုးနေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေစိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ နေကြာတိုးချဲ့စိုက်ပျိုးဖို့အတွက် လုပ်ဆောင်နေပါတယ်။ နေကြာစိုက်ပျိုးတာကို မိုးရာသီထက် ဆောင်းရာသီမှာ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်အတွင်း မြို့နယ်အလိုက် မိုးနေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် တန့်ဆည်မြို့နယ်တွင် ၃၂ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၂၃၁၁ ဧကဖြစ်ပြီး မြို့နယ်အလိုက် လျာထားမှုအနေဖြင့် တန့်ဆည်မြို့နယ်တွင် ၆၇ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၄၉၂၉ ဧက စုစုပေါင်း ၄၉၉၆ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးသည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြှင့်တင် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ဆောင်းနေကြာကို ရေဦးမြို့နယ်တွင် ၃၆၉၈ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၁၈၇ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၈၂၉၉ ဧက စုစု ပေါင်း ၁၅၁၈၄ ဧက စိုက်ပျိုးရန်လျာထားကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

အတွင်း ယုန်မနှင့်အဒေါ်ဖြစ်သူ ဒေါ်သိမ့်သိမ့်ထွေးတို့သားအမိ အဆက်အသွယ်ပြတ်တောက်သွားခဲ့ရသည်။ အဆက်အသွယ်ပြတ်တောက်သွားပြီး နှစ်အနည်းငယ်အကြာတွင် ဆုမြတ်လွင်နှင့် ဒေါ်သိမ့်သိမ့်ထွေးတို့၏ သတင်းများက ဦးလေးဖြစ်သူထံမှတစ်ဆင့် ကြားလာရသည်။

သတင်းကြားရစဉ်က ယုန်မ မယုံနိုင်အောင်ဖြစ်ခဲ့သည်။ ဒေါ်သိမ့်သိမ့်ထွေး၏ခင်ပွန်း ဦးဘအေးတစ်ယောက် ကျန်းမာရေးချို့ယွင်းသွားပြီး ဆေးကုသမှုများပြုလုပ်ခဲ့ရကြောင်း၊ လည်ချောင်းကင်ဆာဖြစ်ပွားပြီး ကုသမှုအဆင့်ဆင့်ဆောင်ရွက်ခဲ့ရရာ ရှိသမျှစည်းစိမ်ပြုတ်သွားခဲ့ရကြောင်း၊ ဦးဘအေးမှာ တဖြည်းဖြည်းနှင့် အစာမစားနိုင်၊ ရေသောက်ရန်ပင် ခက်ခဲစွာကြိုးစားခဲ့ရကြောင်း၊ ဆေးပုလင်းများသွင်းကာ ကုသခဲ့ရရာမှာ ရှိသမျှငွေကြေး၊ အတွင်းပစ္စည်းအားလုံး ကုန်ခဲ့၍ ဦးဘအေးကွယ်လွန်သွားပြီးနောက်၌ ဆုမြတ်လွင်နှင့် ဒေါ်သိမ့်သိမ့်ထွေးတို့သားအမိ လက်ဗလာဖြင့် ကျန်ရစ်ခဲ့ရကြောင်း၊ တစ်ဝမ်းတစ်ခါးလုဖို့ ခက်ခဲစွာ ရုန်းကန်ရှာဖွေစားသောက်နေကြရကြောင်းများပင်ဖြစ်သည်။

ယုန်မက မိမိပညာရေးကို မျက်ခြည်ပြတ်မခံဘဲ ကြိုးစားသည်။ ယုန်မ၏ ကြိုးစားမှုကြောင့် ဆယ်တန်းအောင်ခဲ့သည်။ ဦးလေး၏ဇနီးဖြစ်သူ အားပေးမှုကြောင့် ပညာရေးဒီဂရီကောလိပ်သို့တက်ရောက်ခဲ့ရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရွှေပေါက်ကံတွင် မူလတန်းပြဆရာမအဖြစ်တာဝန်ကျနေပြီဖြစ်သည်။

"ဟဲ့ကလေးမ။ ဟဲ့ကလေးမ"

"ရှင် ရှင်"

လက်ကိုပုတ်၍ ခေါ်လိုက်သံကြောင့် ဆုမြတ်လွင်၏ စိတ်စေရာသည် အတိတ်ဆီမှ ပစ္စုပ္ပန်ဆီသို့ ပြန်လည်ဝင်ရောက်လာသည်။

"ရော့ ဈေးဖိုး၊ တကတဲတော် ဘာတွေအတွေးလွန်နေလဲမသိဘူး"

ဆုမြတ်လွင်သည် ဈေးဖိုးပိုက်ဆံကိုယူကာ ခပ်သုတ်သုတ်ထွက်လာခဲ့လေသည်။

(၈)

ကျောင်းပိတ်ရက်ဖြစ်သောကြောင့် ယုန်မ စာအုပ်ဖတ်ရင်းမှ အိမ်အပြင်သို့ ငေးကြည့်နေမိသည်။

"စံပယ်ပန်းတွေရမယ်"

စံပယ်ပန်းဟူသောစကားကြောင့် ယုန်မ ငယ်ဘဝကိုသတိရနေမိသည်။ ထို့ကြောင့်-

"ဦးလေး"

"ပြောလေ ယုန်မ"

"သမီး အဒေါ်တို့ရွာ မရောက်တာလဲ နှစ်တွေကြာပြီ။ သမီးကျောင်းပိတ်တုန်း အလည်သွားချင်တယ်"

"အေး ကောင်းသားပဲ"

ဦးလေး၏ ခွင့်ပြုချက်ရသည်နှင့် ယုန်မသည် လိုအပ်သော ပစ္စည်းများဝယ်ကာ နေ့လယ်ဘက်တွင် အဒေါ်ဖြစ်သူ သိမ့်သိမ့်ထွေးနေထိုင်သည့်ရွာလေးဆီသို့ ကားစီးလျက် ထွက်လာခဲ့လေသည်။

(၉)

"အဟွပ် အဟွပ်"

"အမေသက်သာရဲ့လား"

"သက်သာပါတယ် သမီးရယ်"

အမေဖြစ်သူ နေမကောင်းသည့်အတွက် ဆုမြတ်လွင် ဈေးရောင်းမထွက်ဖြစ်သည်မှာ တစ်ပတ်ခန့်ပင်ကြာခဲ့လေပြီ။

"အဒေါ် အဒေါ်"

"ဘယ်သူလဲ။ အိမ်ထဲဝင်ခဲ့လေ"

အသံလာရာဆီသို့ ဆုမြတ်လွင် ပြန်ဖြေလိုက်သည်။

"ဟင် ယုန်မ"

"ယုန်မ မဟုတ်လား"

အိမ်ထဲဝင်လာသူကို မြင်လိုက်ရချိန်တွင် ဆုမြတ်လွင်တို့သားအမိသည် ယုန်မအမည်ကို ပြိုင်တူရွတ်ဆိုမိလေသည်။

"ဟုတ်ပါတယ် အဒေါ်။ သမီး ယုန်မပါ။ အဒေါ့်ဆီ မရောက်တာ နှစ်တွေကြာပြီ။ ဒါကြောင့် အဒေါ့်ကို တွေ့ချင်လွန်းလို့ သမီး လာပြီး ကန်တော့တာပါ"

ယုန်မသည် ကော်ဖီထုပ်များ၊ ကိတ်မုန့်များကို အဒေါ်ဖြစ်သူထံ ပေးအပ်ကာ ကန်တော့လိုက်လေသည်။

"ကျေးဇူးတင်ပါတယ် သမီးရယ်။ တစ်ချိန်က အဒေါ်တို့ သမီးအပေါ် အနိုင်ကျင့်ခဲ့တယ်။ သားသမီးချင်း ကိုယ်ချင်းမစာခဲ့ဘူး။ အဒေါ့်ကို ခွင့်လွှတ်ပါသမီးရယ်"

"သမီးစိတ်ထဲ ဘာမှမရှိပါဘူး။ သမီးကို ကျွေးခဲ့၊ စောင့်ရှောက်ခဲ့တဲ့ အဒေါ်ရဲ့ကျေးဇူးတွေ ဆပ်လို့မကုန်ပါဘူး"

ယုန်မသည် အဒေါ်ဖြစ်သူ၏ လက်ကလေးကိုကိုင်ကာ ပြောလိုက်စဉ်မှာပင်။ ဆုမြတ်လွင်က

"ငါတို့ နင့်အပေါ် အတ္တတွေကြီးခဲ့ပေမဲ့ နင်ကတော့ ငါတို့ရဲ့ အတ္တတွေကို မေတ္တာရောင်စဉ်တွေခြယ်မှုန်းပေးခဲ့တယ် ယုန်မရယ်"ဟု ပြောလျက် ယုန်မကို ကြည်နူးစွာပွေ့ဖက်လိုက်သောအခါ နေမင်းကြီးမှာ အနောက်ဘက်တောင်တန်းပေါ်တွင် မေးတင်စပြုနေလေတော့သည်။ နေဝင်သွားလျှင် လဝန်းပေါ်ထွက်လာသလို ယုန်မက သူမျှော်လင့်ခဲ့သည့် မေတ္တာ၏အလင်းရောင်ကိုရရှိသွားပြီဖြစ်သည်အလား သူ၏မျက်နှာကလေးမှာ ကြည်နူးရိပ်က ထင်ဟပ်လျက်။

---

## အစဉ်ကောင်းဖို့

\- မေတ္တာထားလို့ ဆက်ဆံမယ်
လူမှုဝန်းကျင်ဝယ်၊
စိတ်ကောင်းမှကွယ် ဘဝလှ
သာယာကာချမ်းမြ။

\- အပြုံးလှလှ ရွှေမျက်နှာ
ကျက်သရေရှိစွာ၊
နှုတ်ခွန်းချိုသာ ကြင်နာထုံး
ဘယ်သူမှ မမုန်း။

\- လဲပြိုဆုံးရှုံး ရှိပါလျှင်
ရုန်းထ ထာဝစဉ်၊
ဇွဲလုံ့လယှဉ် ဝီရိယထား
အောင်မြင်အောင်ကြိုးစား။

\- အမုန်းအမှား ခွဲခြားယူ
ဆင်ခြင်သုံးသပ်မှု၊
ဗဟုသုတဟူ ဖြည့်ဆည်းရင်း
စည်းကမ်းစောင့်ထိန်းခြင်း။

\- သိဉာဏ်အလင်း ထွန်းတောက်ရန်
မြော်မြင်တွေးဆကြံ၊
ရည်မှန်းစိတ်သန် ဘဝအရေး
အစဉ်ကောင်းဖို့တွေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

---

# အမ်းမြို့နယ် ကျွဲတလင်းကျေးရွာ၌ VDPစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အမ်း ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွဲတလင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရည်ရွယ်ချက်နှင့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

ကျွဲတလင်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများ အသုံးပြု၍ ကျေးရွာ၏ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသန်း**

# တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် မြေပြိုမှုကြောင့် လူလေးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးနေ



**ပေကျင်း ဇူလိုင် ၁၂**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ဇူလိုင် ၈ ရက်က အဝေးပြေးလမ်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးပြီး ငါးဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၁၁ ရက်တွင် အတည်ပြုပြောကြားခဲ့သည်ဟု ရှင်ဟွာသတင်းဌာနက ဇူလိုင် ၁၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ဟူဘေးပြည်နယ် Tujia ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Yueshan ကျေးရွာအနီးရှိ အဝေးပြေးလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုအတွင်း ဇူလိုင် ၈ ရက် ညနေ ၄ နာရီခန့်က ရုတ်တရက်မြေပြိုကျမှုဖြစ်ပွားခဲ့ရာ ဆောက်လုပ်ရေးလုပ်သားများအပါအဝင် လူကိုးဦးပျောက်ဆုံးခဲ့ပြီး ငါးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

မြေပြိုကျမှုဖြစ်ပွားခဲ့ရာနေရာမှ ဇူလိုင် ၉ ရက်က သေဆုံးသူတစ်ဦးနှင့် ၁၀ ရက်က သေဆုံးသူတစ်ဦး ရှာဖွေတွေ့ရှိခဲ့ပြီး ဇူလိုင် ၁၁ ရက်က သေဆုံးသူနှစ်ဦးကို ထပ်မံရှာဖွေတွေ့ရှိခဲ့ရာ သေဆုံးသူလေးဦးထိ ရှိလာခဲ့ပြီး ငါးဦးမှာပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို အကြီးစားစက်ယန္တရားကြီးများအပါအဝင် ကယ်ဆယ်ရေးကိရိယာပေါင်း ၅၀၀ ကျော်နှင့် အနံ့ခံခွေးကိုးကောင်တို့ကိုအသုံးပြုလျက် ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပြိုကျမှုကြောင့် မြေစာပုံနှင့် ကျောက်တုံးများသည် ကုဗမီတာ ၅၀၀၀၀ ကျော် အပျက်အစီးပုံကြီးဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူများကခန့်မှန်းခဲ့ကြပြီး ဇူလိုင် ၁၁ ရက် ညနေပိုင်းထိ အပျက်အစီးကုဗမီတာ ၂၀၀၀၀ ကျော်ကို ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း၊ တာဝန်ရှိသူများကမြေပြိုမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။ AZH

# တူရကီနိုင်ငံ ကမ်းရိုးတန်းဒေသများတွင် အပူချိန်မြင့်တက်လျက်ရှိ

**အင်ကာရာ ဇူလိုင် ၁၂**

ကမ္ဘာ့နေရာ အနှံ့အပြားတွင် အပူချိန်မြင့်တက်လျက်ရှိရာ ယခုလအစောပိုင်းမှစ၍ တူရကီနိုင်ငံတောင်ပိုင်းသို့ အပူလှိုင်းများရိုက်ခတ်ခဲ့မှုကြောင့် မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အေဂျီယံပင်လယ်နှင့် မာမရာပင်လယ်တို့ကြား ကမ်းရိုးတန်းဒေသများတွင် အပူချိန်များ မြင့်တက်လျက်ရှိကြောင်း အစ္စတန်ဘူလ်မြို့တော်အုပ်ချုပ်ရေးမှူးရုံးက ဇူလိုင် ၁၁ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသည်ဟု DAILY SABAH သတင်းဌာနက ဇူလိုင် ၁၁ ရက်တွင် ရေးသားဖော်ပြထားသည်။

တူရကီမိုးလေဝသဌာန၏ ခန့်မှန်းချက်များအရ အဆိုပါဒေသများတွင် ယခုသီတင်းပတ်အတွင်း ပုံမှန်အပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၁၀ ဒီဂရီစင်တီဂရိတ်ကြား ဆက်လက် မြင့်တက်နိုင်ဖွယ်ရှိပြီး နိုင်ငံအတွင်း အခြားဒေသများထက် ၂ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

"ဒီသီတင်းပတ်အလယ်ကစပြီး အပူချိန်ဟာ ဒေသအလိုက်စံချိန်တွေထက် ၅ ဒီဂရီစင်တီဂရိတ်ကနေ ၁၀ ဒီဂရီစင်တီဂရိတ်ထိ ကျော်လွန်သွားပါမယ်။ အပူဒဏ်ကာကွယ်နိုင်မဲ့အစီအမံတွေအားလုံးဆောင်ရွက်ဖို့လိုပါတယ်"ဟု အစ္စတန်ဘူလ်မြို့တော်အုပ်ချုပ်ရေးမှူး Davut Gul က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားထားသည်။

မာမရာဒေသတွင် ယခုသီတင်းပတ်အတွင်း အပူချိန်ပြင်းထန်စွာမြင့်တက်ဖွယ်ရှိကြောင်းနှင့် ရစ်ဇမီယာနှင့် အန်တဲလ်ရာကဲ့သို့သောမြို့များတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်မှ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိကြောင်း မိုးလေဝသဌာနသတင်းများကို ကိုးကား၍ အစ္စတန်ဘူလ်မြို့တော် အုပ်ချုပ်ရေးမှူးရုံးက ဇူလိုင် ၁၁ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

တူရကီနိုင်ငံတွင် ၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်ကြား ပူပြင်းသောရာသီဥတုကြောင့် လူဦးရေ ၁၆၆၀၀၀ ခန့်သေဆုံးခဲ့ပြီး လာမည့်နှစ်များအတွင်း သေဆုံးမှုနှုန်းပိုမိုတိုးလာဖွယ်ရှိကြောင်း ကျန်းမာရေးညွှန်ကြားရေးမှူးရုံး အကြီးအကဲဖြစ်သူ ဒေါက်တာ Erol Karaca က ပြောကြားခဲ့သည်။ AZH

# ရိုးမားမြို့နှင့်အနီးဝန်းကျင်မြို့များကို အပူချိန်မြင့်တက်မှု အနီရောင်အဆင့်သတ်မှတ်

**ရောမ ဇူလိုင် ၁၂**

အီတလီနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းခဲ့ပြီး အပူချိန်စံချိန်တင်မြင့်တက်လာသည့်အတွက် အပူလှိုင်း ဗဟိုပြုဖြတ်သန်းခဲ့သော ရိုးမားမြို့နှင့် အနီးဝန်းကျင်မြို့များကို အပူချိန်မြင့်တက်မှု အနီရောင်အဆင့် သတ်မှတ်လိုက်ကြောင်း အီတလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Bernama သတင်းဌာနက ဇူလိုင် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်စံချိန်တင်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ပြီး အပူချိန်မြင့်တက်မှု အနီရောင်အဆင့်ကိုလည်း ဇူလိုင် ၁၀ ရက်မှစတင် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှု အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားသောမြို့များမှာ ရိုးမားမြို့၊ အီတလီအလယ်ပိုင်း ဖလော်ရန့်မြို့နှင့် အီတလီမြောက်ပိုင်း ဘိုလော့ဂ်နာမြို့တို့ဖြစ်ကြောင်း သိရသည်။

အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနေပြီး အပူချိန်မြင့်တက်ချိန်တွင် ဘေးအန္တရာယ်ကင်းစွာ နေထိုင်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်သွားရမည့် ညွှန်ကြားချက်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း အပူချိန်ဆက်လက်မြင့်တက်လာဖွယ် ရှိနေသည့်အတွက် အပူချိန်မြင့်တက်မှု အနီရောင်အဆင့်သတ်မှတ်ရမည့် ဒေသအရေအတွက် မြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

မြို့ကြီးတချို့ကို အနီရောင်အဆင့် သတ်မှတ်ထားသလို လိမ္မော်ရောင်အဆင့်သတ်မှတ်ထားသည့် မြို့ရှစ်မြို့ထိရှိနေပြီး အပူချိန်မြင့်တက်လာသည့်အခြေအနေပေါ်မူတည်၍ အပူချိန်မြင့်တက်မှုပမာဏကို ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ကြောင်း မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

အပူချိန် မြင့်တက်ချိန်ကာလအတွင်း သက်ကြီးရွယ်အိုများ၊ အရွယ်မရောက်သေးသော ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို အပူအအေးမျှတသည့်နေရာများ၌သာ နေထိုင်သွားရန်နှင့် အမိုးအကာမရှိသည့် ဧရိယာများတွင် အလုပ်လုပ်ကိုင်နေရသော ကာယလုပ်သားများကိုလည်း အလုပ် ရပ်နားထားသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**



# အမေရိကန်နိုင်ငံ ဗားမောင့်ပြည်နယ်နှင့် နယူးယောက်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွား

**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းပြည်နယ်များတွင် ဇူလိုင် ၁၀ ရက်မှစ၍ ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ဗားမောင့်ပြည်နယ်မှ နယူးယောက်ပြည်နယ်ထိ ရေကြီးရေလျှံမှု တောက်လျှောက်ဖြစ်ပွားနေကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NBC News သတင်းဌာနက ဇူလိုင် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ဧရိယာများတွင် ကယ်ဆယ်ရေးဝန်ထမ်းများက အသက်ကယ်လှေအစီး ၅၀ ဖြင့် လှည့်လည်သွားလာကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်အမေရိကန်ပြည်သူ ၁၃ သန်းထိရှိနေပြီး မြစ်ရေလျှံတက်မှုများလည်း ဖြစ်ပေါ်နေသည့်အတွက် ရေကြီးရေလျှံမှုမှာ အခြေအနေ ပိုမိုဆိုးရွားလာဖွယ်ရှိနေကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားသည်။

"လက်ရှိ ရင်ဆိုင်နေရတဲ့ ရေကြီးရေလျှံမှုဟာ အရေးပေါ်အခြေအနေဖြစ်ပါတယ်။ ဒေသခံတွေဘေးကင်းလုံခြုံစေဖို့ ဦးစားပေး ဆောင်ရွက်နေပါတယ်"ဟု ဗားမောင့်ပြည်နယ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဖီးလ်စကော့က ပြောကြားခဲ့သည်။

ပုဂ္ဂလိက မိုးလေဝသခန့်မှန်းရေးအဖွဲ့အစည်းဖြစ်သည့် Accu-Weather အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ရေကြီးရေလျှံမှုကြောင့် အမေရိကန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင် စီးပွားရေးကဏ္ဍ၌ အမေရိကန်ဒေါ်လာ သုံးဘီလီယံမှ ငါးဘီလီယံထိ ဆုံးရှုံးရဖွယ်ရှိနေကြောင်း ခန့်မှန်းသုံးသပ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် နယူးယောက်မြို့မှ အယ်ဘာနီမြို့သို့ပြေးဆွဲနေသည့် မီးရထားခရီးစဉ်များကို ယာယီရပ်ဆိုင်းထားရပြီး ရေကြီးရေလျှံမှုကြောင့် မီးရထားလမ်းတချို့အပြင် မော်တော်ကားလမ်းတချို့လည်း ပျက်စီးသွားခဲ့ကြောင်း နယူးယောက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဗားမောင့်ပြည်နယ်တွင် မိုးရေချိန်မှာ ၇ လက်မမှ ၈ လက်မထိ မြင့်တက်နေသည့်အတွက် ၁၂ နှစ်တာကာလအတွင်း အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း၊ ဒေသခံများဘေးကင်းလုံခြုံစေရေးကို ဦးစားပေး ဆောင်ရွက်ပေးနေကြောင်း ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# အိုက်စလန်နိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုအခြေအနေတည်ငြိမ်လာ

**ရိန်းခ်ျာဗစ်ခ် ဇူလိုင် ၁၂**

အိုက်စလန်နိုင်ငံ ရိန်းခ်ျာဗစ်ခ်အနီးရှိ မီးတောင်သည် ဇူလိုင် ၁၀ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းမှ ချော်ရည်များ၊ ချော်ရည်ငွေ့များပေါက်ထွက်မှုဖြစ်ပေါ်လျက်ရှိရာ ယနေ့တွင်မီးတောင်ပေါက်ကွဲမှုအခြေအနေ တည်ငြိမ်လာပြီဖြစ်ပြီး မီးတောင်အတွင်းမှ ချော်ရည်ယိုစီးမှုမှာလည်း နှေးကွေးသွားပြီဖြစ်ကြောင်း အိုက်စလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု RTE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မီးတောင်ပေါက်ကွဲမှု အခြေအနေ တည်ငြိမ်သွားပြီဖြစ်သော်လည်း မီးတောင်အတွင်းမှ ပေါက်ထွက်ခဲ့သော ချော်ရည်ငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း အိုက်စလန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မီးတောင်ပေါက်ကွဲမှု အခြေအနေတည်ငြိမ်လာပါပြီ။ အန္တရာယ်ရှိတဲ့အခြေအနေ မဟုတ်တော့ပါဘူး။ ဒေသခံတချို့ဟာ မီးတောင်ကနေစီးကျလာတဲ့ ချော်ရည်တွေအနီးကပ်ပြီး လေ့လာတာတွေ ပြုလုပ်နေပါတယ်။ အန္တရာယ်မရှိပေမဲ့ ခန့်မှန်းရခက်တာကြောင့် ကလေးငယ်တွေကိုတော့ ချော်ရည်တွေအနီး သွားရောက်ခွင့်မပြုထားပါဘူး။ ခန့်မှန်းရခက်တဲ့အခြေအနေဖြစ်တဲ့အတွက် မီးတောင်အခြေအနေကို သုတေသီတွေကတော့ အချိန်ပြည့်စောင့်ကြည့်နေပါတယ်။ မီးတောင်အတွင်း ဖြစ်ပေါ်လာတဲ့ ပြောင်းလဲမှုပေါ် မူတည်ပြီးတော့ သတင်းအချက်တွေကိုလဲ အချိန်ပြည့်စောင့်ကြည့်ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်"ဟု အိုက်စလန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဝတ်မန်ဒေါ့တယ်လ်က ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှု အခြေအနေ တည်ငြိမ်လာပြီဖြစ်သော်လည်း မီးတောင်အခြေအနေကို အချိန်ပြည့် စောင့်ကြည့်နေသလို မီးတောင်၏ ပြောင်းလဲမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ရိန်းခ်ျာဗစ်ခ်မြို့ခံများကိုလည်း ပုံမှန်အတိုင်းနေထိုင်သွားလာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၀၈၅၄ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၀၈၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် မိုးနှမ်း ၄၇၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးနှမ်း ၂၀၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးခရိုင်အတွင်း မိုးနှမ်းဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ မိုးနှမ်းဧက ၂၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေကြပါတယ်။ လျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်အတွင်း မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၂၆၃၄ ဧက၊ ကလေးဝမြို့နယ်တွင် ၄၈၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၇၇၃၅ ဧကတို့ဖြစ်ပြီး လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၆၇၀၅ ဧက၊ ကလေးဝမြို့နယ်တွင် ၁၃၄၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၈၉၈၂ ဧက စုစုပေါင်း ၄၇၀၃၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် မိုးနှမ်းစိုက်ပျိုးသည့်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ကော့ဝါးမိကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်းဘွဲ့ ဇူလိုင် ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရန်အတွက် ကော့ဝါးမိကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏တာဝန်များ၊ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကော့ဝါးမိကျေးရွာ၌ ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ယဉ်လေး**

# ရေနံချောင်းမြို့နယ်၌ ကံရွာ-နဂါး-ထနောင်းလှ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရေနံချောင်း ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကံရွာ - နဂါး - ထနောင်းလှ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသင်းမင်းလတ်နှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ရေနံချောင်းမြို့နယ် ကံရွာ-နဂါး-ထနောင်းလှ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာချုပ် ဦးထွန်းဝေက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ရေနံချောင်းမြို့နယ်၌ ကံရွာ-နဂါး-ထနောင်းလှ ကျေးရွာချင်းဆက်လမ်းအရှည် နှစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေသားပေါင်တင် မြေနီလမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၅၇၈ သန်းဖြင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ယခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပြီးစီးပါက ကံရွာကျေးရွာ၊ နဂါးကျေးရွာနှင့် ထနောင်းလှကျေးရွာရှိ အိမ်ခြေ ၅၀၉ အိမ်မှ လူ ၂၅၁၈ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစွာ သွားလာနိုင်မည့်အပြင် ကျေးလက်ထုတ်ကုန်များကိုလည်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်နှင်းပုလဲထွေးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# ကျိုက်လတ်မြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် မယ်ဇလီကုန်း ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေပထမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မယ်ဇလီကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မယ်ဇလီကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ပထမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**

# မူဆယ်မြို့နယ် တုန်ကန်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မူဆယ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် တုန်ခန်ကျေးရွာအုပ်စု တုန်ကန်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးသန့်စင်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရည်ရွယ်ချက်နှင့် အကြောင်းအရာများ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမဲ့ စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ္တမြို့နယ်ဦးစီးမှူး ဦးသန့်စင်စိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

တုန်ကန်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာကရွေးချယ်ထားသော လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူဆယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးသန့်စင်စိုးထံမှ သိရသည်။

**မောင်ရိုင်**


ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# သစ်ပင်ချစ်မြတ်နိုးတတ်သူများဖြစ်စေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်သာယာရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးတွင် အခြေခံအကျဆုံးသော အရင်းအမြစ်များဖြစ်သည်။ သစ်တောများနှင့်လွှမ်းခြုံထားသော ဒေသများတွင် ရေအရင်းအမြစ်များကို ထိန်းသိမ်းထားနိုင်ခြင်း၊ ရာသီဥတုမှန်ကန်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည့်အပြင် မိုးရေချိန်ပြည့်မီစွာရရှိသဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေကိုပါ ဖူလုံစွာရရှိလာမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့ပြင် သစ်တောသစ်ပင်များသည် သက်ရှိများ ရှင်သန်ဖြစ်ထွန်းရေးအတွက် များစွာအကျိုးဖြစ်ထွန်းလျက်ရှိသည်။ သစ်တောသစ်ပင်များသည် လူသားများ အကျိုးဖြစ်ထွန်းရေးအတွက် စဉ်ဆက်မပြတ် အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် ပြုန်းတီးသွားသော သစ်တောသစ်ပင်များနေရာတွင် အစားထိုးသစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စီမံချက်ဖြင့် စနစ်တကျစိုက်ပျိုးသွားရန်လိုအပ်သည်။ အထူးသဖြင့် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်ပင်စိုက်ပျိုးနိုင်ရန်အတွက် ပြည်သူများကို စည်းရုံးသိမ်းသွင်း ဆောင်ရွက်သွားသင့်သည်။

**ဆိုးကျိုးများ**

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအတော်များများတွင် ဝိသမလောဘစီးပွားရေးသမားများသည် သစ်တောသစ်ပင်များကို လွန်စွာခုတ်လှဲ ရောင်းချလျက်ရှိကြသည်။ အကျိုးဆက်အနေဖြင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု မြင့်တက်လာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အပူပြင်းထန်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများ ရိုက်ခတ်ခြင်း စသည့်နောက်ဆက်တွဲသဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရပြီဖြစ်သည်။ အစားထိုးသစ်ပင်များ စိုက်ပျိုးခြင်းနှင့် ရှင်သန်အောင် ဆောင်ရွက်ခြင်းတို့ကို အချိန်မီ ထိထိရောက်ရောက်ဆောင်ရွက်သွားမှသာလျှင် ကျန်းမာရေးချူချာနေသော ကမ္ဘာမြေကြီးကို ကယ်တင်နိုင်မည်ဖြစ်သည်။

သစ်တောပြုန်းတီးမှုများကြောင့် လူသားတို့အပေါ် များစွာသောဆိုးကျိုးများကို သက်ရောက်စေနိုင်သည်။ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်လိုက်သော အခိုးအငွေ့များကို စုပ်ယူနိုင်စွမ်းမရှိတော့သဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အစွန်းရောက် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လာသဖြင့် မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းထန်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများ ကျရောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ သေကျေပျက်စီးကြသဖြင့် ဂေဟစနစ်ပျက်ယွင်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေလျှံခြင်း၊ လေထုအတွင်း၌ ရေငွေ့ခန်းခြောက်လာခြင်း၊ စားနပ်ရိက္ခာရှားပါးလာခြင်း စသည့်ဆိုးကျိုးများစွာကိုဖြစ်ပေါ်လာစေသည်။

**သစ်တောဖုံးလွှမ်းမှုလျော့နည်းလာ**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု အခြေအနေသည် ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံ ဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိခဲ့သဖြင့် သစ်တောဖုံးလွှမ်းမှုဧရိယာ တဖြည်းဖြည်းလျော့ကျလာသည်ကို တွေ့ရှိရသည်။

လက်ရှိအချိန်၌ ကျေးလက်ဒေသများတွင် ထင်းမီးသွေးအဖြစ် အသုံးပြုရန်နှင့် လတ်တလောစီးပွားရေးလိုအပ်ချက်တို့အရ သစ်ပင်များကို လွန်စွာခုတ်လှဲရောင်းချနေကြသည်။ သစ်တောများ ပြုန်းတီး၍ တောင်ကတုံးများနှင့် လွင်တီးခေါင်များဖြစ်လာသည်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများလည်း ရှားပါးလာသည်။ ထို့အတူ ဒီရေရောက်တောများကိုလည်း ခုတ်လှဲရောင်းချလျက်ရှိကြသည်။ ပြည်သူတစ်ဦး၊ တစ်ယောက်ချင်းစီသည် သစ်တောသစ်ပင်ကိုချစ်တတ်ရန် လိုနေပြီဖြစ်သည်။ အထူးသဖြင့် ယခုကဲ့သို့ မိုးရာသီတွင် သစ်ပင်စိုက်ပျိုးမှုကို နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်တစ်ရပ်အဖြစ် သဘောထားကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွက်ပြည့် ဆောင်ရွက်သွားသင့်သည်။ ထိုသို့စိုက်ပျိုးရာတွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးလှုံ့ဆော် တိုက်တွန်းဆောင်ရွက်သွားသင့်သည်။ သို့မှသာလျှင် ထိရောက်အောင်မြင်မှုရှိနိုင်မည်ဖြစ်သည်။



**စိုက်ပျိုးတည်ထောင်လျက်ရှိ**

ထို့ကြောင့် နိုင်ငံ၏မြန်မာ့အဖိုးတန်သဘာဝတောများ ထာဝရ တည်တံ့စေရေးနှင့် ဂေဟစနစ်များ ပြန်လည်ပြုစု ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ ၁၀ နှစ်တာကာလ စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၁၉ သန်း စိုက်ပျိုးတည်ထောင်လျက်ရှိသည်။ ထို့ပြင် အမျိုးသားသစ်တောကဏ္ဍ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောများ၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းရေးနှင့် ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

**အကျိုးကျေးဇူးများ**

ထိုသစ်တောသစ်ပင်များသည် လူနှင့်တိရစ္ဆာန်များ အသက်ရှင်ရန် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်ပေးပြီး ကျန်းမာရေးကို ထိခိုက်နိုင်သည့်ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးနိုင်သည်။ ထို့ပြင် အပူဒဏ်ကို ကာကွယ်ပေးနိုင်သည့်အပြင် မြေဆီလွှာကိုပါ ထိန်းသိမ်းပေးနိုင်သည်။ မိုးရာသီတွင် မိုးရေများကိုထိန်းသိမ်းထားနိုင်သဖြင့် ရေကြီးရေလျှံမှုများကိုလည်း ကာကွယ်နိုင်သည်။ အထူးသဖြင့် ရာသီဥတုမှန်ကန်လာသောကြောင့် ကောက်ပဲသီးနှံများအတွက် နှုန်းကောင်း၍ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။

**ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသင့်**

မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးရာသီရောက်လျှင် ရုံး၊ ဌာနအလိုက် သစ်ပင်စိုက်ပျိုးပွဲတော်များ ပြုလုပ်လေ့ရှိကြသည်။ အချို့သောဌာနများသည် သစ်ပင်များကို စနစ်တကျစိုက်ပျိုးပြီး ပြုစုထိန်းသိမ်းစောင့်ရှောက်သဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ တချို့သောဌာနများသည် သစ်ပင်စိုက်ပျိုးပွဲတော်ကာလတွင် အပင်မျိုးစုံစိုက်ပျိုးကြသည်။ အရေအတွက်အားဖြင့် များပြားလှသည်။ သို့သော် စိုက်ပျိုးပြီးနောက် တစ်နှစ်ပတ်လုံးပစ်ထားသဖြင့် စိုက်ပျိုးထားသောအပင်များသည် ပေါင်းပင်များကြားတွင် ရှင်သန်ဖြစ်ထွန်းနိုင်ခြင်းမရှိဘဲကြုံလှီကာ နွေရာသီတွင် ရေငတ်၍ သေဆုံးသွားကြသည်။ နောက်တစ်နှစ်တွင်လည်း ထိုနေရာတွင် ထပ်စိုက်၊ ထပ်သေနေသဖြင့် အပင်များ ရှင်သန်ဖြစ်ထွန်းလာခြင်းမရှိဘဲ ငွေကြေးများလေလွင့်ဆုံးရှုံးနေရသကဲ့သို့ အဖိုးတန်အချိန်များကို ဖြုန်းတီးသလိုဖြစ်နေသည့်အပြင် လူလည်းပင်ပန်းရုံသာဖြစ်နေကြရသည်။

ထို့ကြောင့် သစ်ပင်များကို စတင်စိုက်ပျိုးကတည်းက ပျိုးအိတ်များကို ဓားနှင့်စနစ်တကျခွဲပြီး မြေကျင်းထဲတွင်ထည့်ကာ မြေကိုသိပ်အောင်ဖိပြီး စိုက်ခဲ့သင့်သည်။ အချို့သောသူများသည် တာဝန်အရသာစိုက်ပျိုးကြရသောကြောင့် စေတနာမပါကြပေ။ ထိုသူများသည် ပျိုးအိတ်များကို မဖြဲဘဲဖြစ်သလိုထိုးစိုက်ခဲ့ကြသည်။ မြေကျင်းကိုလည်း စနစ်တကျဖို့လေ့မရှိပေ။ အထူးသဖြင့် ကျင်းထဲတွင် ရေများဝပ်နေပါက ခပ်ထုတ်ပစ်ရန်လိုအပ်သည်။ အချို့သူများသည် အပင်များကို ရေဗွက်ထဲ၌ပင် ဖြစ်သလိုစိုက်ထားခဲ့ကြသည်။ ထိုအပင်မျိုးသည် ရှင်သန်ဖြစ်ထွန်းရန် အခွင့်အလမ်းနည်းပါးနေသည်။ သစ်ပင်ကိုချက်ချင်းစိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ပျိုးထောင်၊ ပေါင်းရှင်း၊ မြေညှိ၊ ကျင်းတူး၊ မြေဩဇာထည့် စသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမှသာလျှင် စိုက်ပျိုးသောသစ်ပင်သည် ရှင်သန်နိုင်စွမ်းရှိမည်ဖြစ်သည်။ သစ်ပင်တစ်ပင်ကို ပေါင်းမြက်များဖုံးလွှမ်းပြီး ရေဝပ်နေသောနေရာများတွင်ချက်ချင်းကျင်းတူး၍ စိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းသည် အလားအလာနည်းနေမည်ဖြစ်သည်။

**မွန်မြတ်သောအလုပ်**

မည်သည့်အလုပ်တွင်မဆို တာဝန်ပေး၍ လုပ်ရသည်ဖြစ်စေ၊ မိမိစိတ်ဆန္ဒအရ လုပ်သည်ဖြစ်စေ အပြုသဘောဆောင်သည့် စိတ်ဓာတ်ရှိရန်တော့လိုသည်။ သို့မှသာလျှင် မိမိလုပ်သောအလုပ်သည် အောင်မြင်မှုရရှိနိုင်သည်။ သစ်ပင်စိုက်ပျိုးရာတွင်လည်း စေတနာထား၍ စိုက်ပျိုးခဲ့မည်ဆိုလျှင် ထိုသစ်ပင်သည် မရှင်သန်စရာအကြောင်းမရှိချေ။ ထိုသစ်ပင် ရှင်သန်ဖြစ်ထွန်းအောင်မြင်မည်ဆိုလျှင် နောင်လာနောက်သားများအတွက်သာမက ကမ္ဘာကြီးကိုလည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးခြင်းကို မွန်မြတ်သော အလုပ်အဖြစ် သဘောထားကာ ကြည်သာရွှင်ပျစွာဖြင့် ပါဝင်ဆောင်ရွက်သွားသင့်သည်။

**နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ရန်ဆိုလျှင်**

စင်စစ်အားဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် သစ်ပင်စိုက်ပျိုးသည့်အလုပ်ကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ သဘောထားသင့်သည်။ မြန်မာလူမှုအသိုက်အဝန်းတွင် သစ်ပင်ကိုတန်ဖိုးထားတတ်သည့်အလေ့အထသည် မရှိသလောက်ပင် နည်းပါးနေပါသေးသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရာ၌ ပြည်သူများစိတ်ပါဝင်စားလာအောင် ပညာပေးစည်းရုံးဆောင်ရွက်သွားသင့်သည်။ ပရဟိတအဖွဲ့အစည်းများကိုလည်း တိုက်တွန်းအားပေးသင့်သည်။ သာဓကအနေဖြင့် မိုးရာသီတွင် ဦးစီးရုံးများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ အစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ပြုလုပ်သွားသင့်သည်။ သို့မှသာလျှင် ပြုန်းတီးသွားသော သစ်ပင်များနေရာတွင်အတိုင်းအတာတစ်ခုထိ အစားထိုးနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နောင်လာမည့်မျိုးဆက်သစ်များအတွက် သစ်ပင်စိုက်ပျိုးသည့်အလုပ်ကို အမျိုးသားရေးအသွင်ဖြင့် ဖော်ဆောင်သွားရန် လိုအပ်နေပြီဖြစ်သည်။

ဆိုရလျှင် ယခင်ကသစ်တောများနှင့် ဖုံးလွှမ်းလျက်ရှိသော တောတောင်များသည် သစ်ထုတ်လုပ်မှုနှင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းတို့ကြောင့် တောင်ကတုံးများဖြစ်လာကြသည်။ ဥတုရာသီတောကိုမှီ ဆိုသည့်အတိုင်း ထိုတောင်ကတုံးများတွင်သျှောင်ထုံးနိုင်မှသာလျှင် ရာသီဥတု ပြန်လည်မှန်လာမည်ဖြစ်သည်။ သစ်တောသစ်ပင်များသည် သက်ရှိလောကတည်မြဲရေးအတွက် များစွာအရေးပါလျက်ရှိသည်။ သစ်တောများပြုန်းတီးမှုသည် လူသားနှင့် သက်ရှိလောကအားလုံးကို ဆင့်ကဲဆိုးကျိုးများသာဖြစ်စေနိုင်သည်။ ထိုဆိုးကျိုးများကို ကာကွယ်နိုင်ရန်အတွက် လူသားအားလုံးသည် သစ်တောသစ်ပင်များအပေါ် တန်ဖိုးထားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူသွားရန် လိုအပ်သည်။ လူသားတို့သည် လတ်တလော ကိုယ်ကျိုးစီးပွားကိုသာ ရှုမြင်လျက် သစ်တောသစ်ပင်များကို စည်းမဲ့ကမ်းမဲ့ခုတ်လှဲရောင်းချခြင်းမျိုးကို အထူးရှောင်ရှားသွားရန် လိုအပ်သည်။ ထို့ပြင် အကျိုးမဲ့ပြုန်းတီးသွားသော သစ်တောသစ်ပင်များနေရာတွင် အစားထိုးသစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စီမံချက်ဖြင့် စနစ်တကျစိုက်ပျိုးသွားရန်လည်း အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

ပြည်သူများအနေဖြင့် သစ်ပင်စိုက်ပျိုးမှုကိုလှုပ်ရှားမှုပေါင်းစုံဖြင့် ဆောင်ရွက်သွားသင့်သည်။ ဆိုလိုသည်မှာ အပန်းဖြေခရီး သို့မဟုတ် တစ်နေရာရာသို့ ရောက်ရှိချိန်တွင် အမှတ်တရသစ်ပင် အနည်းဆုံးတစ်ပင်စိုက်ပျိုးခြင်း၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ချစ်သူများကို မေတ္တာလက်ဆောင်အဖြစ် သစ်ပင်များ ပေးအပ်ခြင်း၊ နှစ်ပတ်လည်အခမ်းအနားများ၊ နေ့ထူးနေ့မြတ်များတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ပြည်သူအားလုံး ပါဝင်စိုက်ပျိုးခြင်း၊ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားသင့်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသူ၊ နိုင်ငံသားအားလုံးသည် သစ်ပင်ချစ်မြတ်နိုးတတ်သည့် အလေ့အထကောင်းများကို မွေးမြူလျက် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်းအားဖြင့် နိုင်ငံသားတစ်ဦး၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားနိုင်ရန် တိုက်တွန်းအကြံပြုရေးသားလိုက်ရပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

- အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်...
- မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့်ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့်ခံယူချက်ကြောင့်ပင်ဖြစ်...
- အားကစားသမားကောင်းတစ်ယောက်၏ အောင်မြင်မှုနှင့်ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသားဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပသော ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဇေယျသိဒ္ဓိအားကစားကွင်းဖွင့်ပွဲနှင့် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲများကျင်းပပြုလုပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဇေယျသိဒ္ဓိအားကစားကွင်းဖွင့်ပွဲနှင့် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲများကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဇေယျသိဒ္ဓိအားကစားကွင်းဖွင့်ပွဲနှင့် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် ဇေယျသိဒ္ဓိအားကစားကွင်းသစ်၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊အရာရှိစစ်သည်မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့်

စာမျက်နှာ ၁၈ ကော်လံ ၁☆

## မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးစီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြို့သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ၊

ဥသြဗိုလ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ / တောင်ငူ - ရွာ - ရေနီ / ဥသြဗိုလ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု